www.burmeseclassic.com

# အလိမ္မာပုံပြင်များ

ဝင်းဝဏ္ဏနောင်

ခေါင်းနှစ်လုံးနှင့်မြွေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC .com

# အာလီမှာပုံပြင်များ

ဝင်းရွှေနောင်

www.burmeseclassic.com

www.burmeseclassic.com

ဝဋ ဝုဏ် အယံ ဝန္ဒာမိ

# အလင်္ကာပုံပြင်များ - ဒေါင်းနှစ်လုံးမြေနှင့် အခြားပုံပြင်များ


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၃၅/၉၉ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၃၁/၉၉ (၁၁) |
| ပထမအကြိမ် | - ၂၀၀၀ ပြည့်နှစ်၊ (မတ်လ) |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၃၀၀/- |
| ထုတ်ဝေသူ | - ဒေါ်ရွှေအိမ်၊ ထိုင်းလင်းစာပေ<br>အမှတ်(စ/၆၅) အုပ်စု-၃၊<br>အောင်သိဒ္ဓိလမ်း၊ဓော်ဘွားကြီးကုန်း၊<br>အင်းစိန်မြို့။ |
| အဖုံးနှင့်အတွင်းပုံနှိပ် | - ဒေါ်မြင့်မြင့်တင်၊ မြင့်သီရိပုံနှိပ်တိုက်၊<br>အမှတ်-၂၀၈၊ လမ်း(၃၀)၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မီစဉ်သူ | - ကိုလှနိုင် |
| ဖြန့်ချိရေး | - မြိုတ် (စာပေ)<br>အမှတ် - ၁၉၀၊ (၃၁)လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အထက်မြန်မာပြည် | - နဂါးစာပေ (မန္တလေးမြို့)။ |


## ဖျံလေးနီတာနဲ့ ရွှေငါးကြင်း

တစ်ခါတုန်းက အေးခဲတဲ့ ရေခဲပြင်ဒေသမှာ ဖျံမိသားစု တစ်စု နေထိုင်ကြသတဲ့။

သူတို့မှာ သားသမီးဆိုလို့ ဖျံသားလေးတစ်ကောင်ပဲရှိတယ်။

ဖျံထီးကြီး အစာရှာထွက်တဲ့အခါ ...,.

အေးခဲတဲ့ အပေါ်ယံရေခဲပြင်ကို ဖောက်ထွင်းပြီး အောက်မှာရှိတဲ့ ရေထဲက ငါးတွေကို ဖမ်းရတယ်။

တစ်ခါတစ်လေ ငါးတွေဟာ ရေထဲမှာ အနည်းငယ်ကိုသာ တွေ့ရတယ်၊ အစုလိုက်အပြုံလိုက် တစ်နေရာကို ထွက်သွားကြပြီး အစာသွားရှာတတ်ကြတာပေါ့။

ရွှေငါးကြင်းတွေဘာတွေ ရလာခဲ့တဲ့အခါ ဖျံလေးနီတာဟာ သိပ်ပြီးတော့ ပျော်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ငါးကြင်းအသားကို သူသိပ်ကြိုက်လို့ပေါ့၊ မိခင်ဖျံမကြီးကလည်း ဟင်းချက်လက်ရာကောင်းတယ်။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စား-စား သားသားကြိုက်တဲ့ ငါးကြင်းကြော်နှပ် မေမေ သားစိတ်ကြိုက် ချက်ထားတယ်"

"ငါးကြင်းကြော်နှပ်ဆိုရင် သားက သိပ်ကြိုက်တာ မေမေရ" ဆိုပြီး အားပါးတရ စားပြသတဲ့။

ဖခင်ကြီးဖျံထီးကြီးကလည်း သားကလေး နီတာက ငါးကြင်းသား စားရလို့ ပျော်ရွှင်နေတာကို မြင်ရရင် စိတ်ချမ်းသာနေမိတာပေါ့ကွယ်။

ဒါပေမယ့်....

အစာရှာတဲ့အခါမှာ ကိုယ်လိုချင်တဲ့သားကောင်မျိုး အမြဲတမ်း လိုလိုဘယ်ရပါ့မလဲ၊ အစဉ်ပြေသလို ရှာလို့ရတဲ့ သားကောင်မျိုးနဲ့ပဲ ကျေနပ်ရတာပေါ့။

တစ်နေ့မှာ ဖခင်ဖျံကြီးဟာ အိမ်ကနေပြီးတော့ အစာရှာထွက်သွားတယ်။

"မေမေ ရွှေဝါငါးကြင်း ဖမ်းလာခဲ့နော်"

"အေးအေး၊ သားကြိုက်တဲ့ ရွှေဝါငါးကြင်း မေမေဖမ်းလာခဲ့မယ်"

ဖျံကြီးလည်း ရေခဲပြင်အောက်မှာ တစ်နေ့လုံး ငါးဖမ်းတယ်။ အစာကလည်း သူရှာတဲ့နေ့ကျမှ ရှားနေလိုက်တာ။

နောက်ဆုံးမှာတော့ ပြန်ခါနီးခါမှ တခြားငါးတစ်ကောင်ကိုသာ ဖမ်းမိသွားတယ်။ သားလေးနီတာကြိုက်တဲ့ ရွှေဝါငါးကြင်း မဟုတ်လို့ စိတ်မကောင်း ဖြစ်သွားမိတာပေါ့။





"ငါ့သားလေးစားမှ စားပါ့မလား"

အိမ်ကို ပြန်ရောက်လာတဲ့အခါ....

"မေမေသားကြိုက်တဲ့ ရွှေဝါငါးကြင်းပါသလား"

ဖျံကလေးနီတာက ဆီးပြီးတော့ မေးတယ်။

"ရွှေဝါငါးကြင်းတော့ မရခဲ့ဘူး သားရယ်၊ ကကတစ်ငါးကြီး တစ်ကောင်သာ ရလာတယ် သားကြိုက်မှာပါကွယ်"

"ဟင့်အင်း.... ရွှေဝါငါးကြင်းမဟုတ်ရင် သားမစားဘူး။ လုံးဝကိုမ စားချင်ဘူးဗျာ"

ဆိုပြီး စိတ်ကောက်သွားဟယ်၊

မိခင်ဖြစ်သူကလည်း....

"သားရယ် အဖေကြီးက သားစားချင်တဲ့ငါးကို ကြိုးစားပြီးရှာတာပဲ။ အခုတခါတော့ ဒါလေးနဲ့ပဲ။ ကျေနပ်လိုက်ပါ သားရယ်။ နောက်နေ့တွေကျရင်တော့ အဖေကြီးက သားကြိုက်တဲ့ ရွှေဝါငါးကြင်းကို မရရအောင် ဖမ်းလာခဲ့မှာပေါ့ကွယ်။ အဖေကြီးလည်း စိတ်မကောင်း ဖြစ်နေတယ်။ ဒီလိုမပြောပါနဲ့ သားရယ်။ ကကတစ်ငါးကြီးကို သားတစ်ဦးတည်း စားဖို့အတွက် မေမေကောင်းကောင်းလေး ချက်ပေးပါ့မယ်ကွယ်"

"ဟာဗျာ.... ဒီငါးကိုသားမစားချင်ဘူး ဆိုနေမှ စိတ်ညစ်တာပဲဗျာ"

ဆိုပြီး အိမ်ကနေ ထွက်သွားသတဲ့။

www.burmeseclassic.com



"အင်း....သားလေးကတော့ စိတ်ကောက်သွားပြီ။ အေးကွာ နောက်နေ့တွေကျရင်တော့ တခြားတနေရာကိုသွားပြီး ရှာရမယ်။ ဒါမှ ငါ့သားလေးကြိုက်တဲ့ ရွှေဝါငါးကြင်းတွေ အများကြီးတွေ့နိုင်မယ်"

"သိပ်လည်း အပင်ပန်းမခံပါနဲ့ရှင်။ သားလေးကို ဒီလိုပဲတဖြည်းဖြည်းချော့ပြီး ပြောယူရမှာပေါ့"

အိမ်က ထွက်သွားတဲ့ ဖျံလေးနီတာဟာ စိတ်ပေါက်ပေါက်နဲ့ အိမ်ကနေ ပိုပြီးဝေးတဲ့နေရာကို လမ်းလျှောက်သွားလေသတဲ့။

"ငါစားချင်တဲ့ ရွှေဝါငါးကြင်း မစားရရင် အိမ်မှာလည်း မနေချင်တော့ဘူး။ သွားမယ် အဝေးကြီးမှာ သွားနေမယ်"

ဖျံလေးဟာ ဘယ်ကိုရောက်သွားသလည်းဆိုရင်....

ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဖြစ်တည်နေကြတဲ့ ရေခဲတောင်တွေရှိတဲ့ နေရာကို ရောက်သွားခဲ့တာပေါ့။

ဒါပေမယ့်....

ရေခဲရုပ်တွေက ကြောက်စရာပါ။

အချို့က အရိုးခေါင်းချည်းသက်သက် သွားကြီးတွေ အဖြီးသားနဲ့ ပါးစပ်ကြီးတွေကိုလည်း ဟထားကြတယ်။

"အမလေး.... ဘယ်လိုအရုပ်ကြီးလည်း ကြောက်စရာကြီး"

ဖျံကလေးနီတာလည်း ကြောက်လန့်သွားပြီး တခြားကို ထွက်ပြေးသွားတယ်။

တစ်နေရာရောက်တော့....





ရေခဲရုပ်ကြီးတွေဟာ အရိုးစုသဏ္ဌာန်နဲ့ လက်နှစ်ဘက်ဆန့်ရမ်းပြီး သူ့ကို ဖမ်းတော့မလို ဟန်မျိုးဖြစ်နေတယ်။

"အား.... ငါ့ကိုဖမ်းတော့မယ် ဖမ်းတော့မယ်.... ဟီး"

အော်ပြီးထွက်ပြေးပြန်လေရော။

ဘယ်ကိုပဲပြေးပြေး ကြောက်စရာ ကိုရို့ကားယားသဏ္ဌာန်မျိုးစုံနဲ့ ရေခဲရုပ်ကြီးတွေဟာ ပတ်ပတ်လည်မှာ ဝိုင်းရံနေပါတော့တယ်။

"ဟား.... ဟား.... ဟား"

"ဟီး.... ဟီး.... ဟီး"

"ဟိုး.... ဟိုး.... ဟိုး"

သူ့တို့ဆီက ခြောက်ခြားစရာကောင်းတဲ့ ရယ်သံမျိုးစုံတွေဟာ တပြိုင်နက်တည်း ထွက်ပေါ်လာခဲ့တယ်။

ဖျံကလေးနီတာဟာ ဟိုပြေးသည်ပြေးနဲ့ ဘယ်ကိုမှ ပြေးမလွတ်ဘူးလို့ ထင်လာမိတော့တယ်။

သူ့နောက်က အရိုးခေါင်းခွံကြီးတွေ အရိုးစုကြီးတွေ တခြားကြောက်စရာ သတ္တဝါကြီးတွေဟာ တအားပြေးလိုက်လာနေကြပြီလို့ ထင်သွားမိတာပေါ့။

"ငါ့ကို ဖမ်းကြတော့မယ်၊ ဖမ်းတော့မယ်"

အကြောက်လွန်ပြီး ရေခဲဂူလေး တစ်ခုထဲမှာ ဝင်ပြီးပုန်းနေလိုက်တယ်။ တစ်ကိုယ်လုံးလည်း တုန်ယင်နေကယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေလည်း မဖွင့်ရဲဘဲ စုံမှိတ်ထားမိတယ်။

အဲဒီအချိန်မှာ....

ဖျကလေးနီတာရဲ့ မိခင်နဲ့ဖခင်ဟာ သားလေးပြန်မလာလို့ စိုးရိမ်ပြီး ခံစားနေရရှာတယ်။

နေရာအနှံ့ လိုက်ရှာနေကြတယ်။

"သားလေးရေ သားလေး ဘယ်ရောက်နေလဲကွယ်"

မိခင်ဖျံမကြီးဟာ အစိုးရိမ်ပိုကြီးနေပြီး ငိုနေမိရှာတယ်။

မိုးကလည်း ချုပ်နေပြီ မဟုတ်လား။

သူတို့ရဲ့သားလေး သေဆုံးသွားပြီလို့လည်း ထင်နေမိကြတာပေါ့။

ရာသီဥတုကလည်း သိပ်ပြီးတော့ ဆိုးရွားနေတယ်လေ။

မကြာခင်မှာ....

သူတို့ရဲ့သားလေးကို ရေခဲဂူတစ်ခုထဲမှာ တွေ့လိုက်ကြရတယ်။

"ဟိုမှာ သား သားလေ"

လွန်ကဲတဲ့ အအေးဓာတ်ကြောင့် ဖျကလေးနီတာဟာ ခိုက်ခိုက်တုန်နေတယ်။ သူ့ကို စောင်နဲ့ထွေးပွေ့ပြီး ခေါ်လာခဲ့ကြရတယ်။

အိမ်ကိုရောက်တော့ ဂယောင်ဂတမ်းနဲ့ ပြောနေတဲ့ စကားတွေက ....

"ဟိုမှာ အရိုးခေါင်းကြီးတွေ လိုက်လာကြပြီ။ သားကိုဖမ်းဖို့လာနေကြပြီ"





မိခင်ဖျံမကြီးဟာ သားကိုဖက်ထားပြီး....

"သား ဘာတွေလျှောက်ပြောနေတာလဲ။ ဘာကောင်မှ သားနောက်ကို လိုက်မလာကြဘူး၊ သားဂူထဲမှာ အိပ်နေရင်း အိမ်မက်တွေလျှောက်မက်နေပြီး တကယ်ထင်နေတာ၊ သားအခု အိမ်ကို ရောက်နေပြီ မျက်လုံးတွေ ဖွင့်ကြည့်ပါဦးကွယ်"

အဲသည်တော့မှ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တဲ့အခါ....

သူ့နောက်ကို လိုက်နေကြတဲ့ ထူးထူးဆန်းဆန်း သတ္တဝါတွေကို မတွေ့ရတော့ဘူး။

"မေမေ သား နောက်ကို တစ်ကောင်တည်း ဘယ်ကိုမှ မသွားတော့ဘူး၊ မေမေတို့ စိတ်မကောင်းဖြစ်အောင်လည်း ဘာမှမလုပ်တော့ဘူး။ သားအစားအသောက် ချေးမများတော့ပါဘူး မေမေ ပေးရှာလို့ရတာနဲ့ပဲ စားပါတော့မယ်"

မိဘနဲ့တခဏ ခွဲခွာသွားမိတာနဲ့....

ဒုက္ခတွေ ရောက်ခဲ့ရတယ်။ ကြောက်စရာတွေကို မြင်ခဲ့ရတယ်။ ဒါတွေဟာ မိဘကို စိတ်မကောင်းဖြစ်အောင် လုပ်မိတာပဲဆိုတာ ခံစားနားလည်ခဲ့ရတယ်။

"သားလေးခုလို အမြင်မှန်ရသွားတဲ့အတွက် မေမေတို့ဝမ်းသာပါတယ်ကွယ်။ ဒါပေမယ့် နောက်ကို ဘယ်တော့မှ စိတ်လိုက်မာန်ပါ ဘယ်တော့မှ အိမ်က ထွက်မသွားပါဘူးလို့ ကတိပေးမလား"



www.burmeseclassic.com

www.burmeseclassic.com



"သား မေးပါတယ် မေမေ"

ဖိုးကလေး နီတာကာ လှိုက်လှဲစွာနဲ့ ကတိပေးလိုက်ပါ တော့တယ်။

မိဘနှစ်ပါးလည်း စိတ်ချမ်းသာသွားကြတာပေါ့ကွယ်။

❑

# ရဲတိုက်ကြီးထဲက ပန်းချီကား

ဟိုးရှေးရှေးတုန်းက ကြွက်ဖြူမလေးရယ်၊ ကြွက်ညိုရယ်၊ ကြွက်ဦးကြီးရယ်၊ အဆွေခင်ပွန်း မိတ်ဆွေ သုံးဦးရှိကြသတဲ့။

သူတို့သုံးဦးဟာ စူးစမ်းလေ့လာတဲ့ ဝါသနာမျိုးတွေရှိကြတယ်၊ ခရီးသွားပြီး စွန့်စားလိုကြတဲ့ သူတွေလည်းဖြစ်ကြတယ်။

သူတို့မှာ ကောင်းကင်ခရီးက သွားလို့ရတဲ့ ယာဉ်ပျံလေးတစ်ခုကိုလည်း ပိုင်ဆိုင်ထားကြတယ်။

"ပျင်းစရာ ကောင်းလိုက်တာကွာ၊ ငါတို့ ခရီးတစ်ခုခုကို ထွက်ကြရင် ကောင်းလိမ့်မယ်ဟေ့"

ကြွက်ဦးကြီးက ပြောတယ်၊ ကြွက်ဖြူမလေးက....

"ဟုတ်တယ်၊ ခရီးထွက်ခြင်းဟာ အတွေ့အကြုံသစ်တွေကို ကောင်းကောင်းရစေတယ်"

"ခရီးသွားဖို့ဆိုရင် ကျွန်တော်လည်း ထောက်ခံတယ်ဗျို့" ထပြီး အော်လိုက်တဲ့သူကတော့ ကြွက်ညိုလေးပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ငါတို့မနက်ဖြန်စောစော ခရီးထွက်ကြမယ်"

နောက်တစ်နေ့ နံ[redacted]စာစောမှာ....

ရဟတ်ယာဉ်ကိုမောင်းသူကတော့ ကြွက်ဖြူမလေးပဲပေါ့၊ မြစ်တွေ၊ ချောင်းတွေ၊ တောအုပ်တွေပေါ်က ကျော်ပြီးဖြတ်သန်းလာခဲ့ကြတယ်။

တစ်နေရာကိုရောက်တော့....

မမျှော်လင့်ဘဲနဲ့ လေပြင်းမုန်တိုင်းတစ်ခု ကျပါလေရော။

ရဟတ်ယာဉ်လေးလည်း အလူးအလဲခံလိုက်ရတယ်။

ကြွက်ဖြူမလေး ကျွမ်းကျင်လို့ မုန်တိုင်းထဲကနေ....

လွတ်မြောက်ပြီး ထွက်လာခဲ့တယ်။

ဒါပေမယ့်.... သူတို့ရောက်လာခဲ့တဲ့ နေရာဟာ တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးတဲ့ ဒေသစိမ်းတစ်ခု ဖြစ်နေတယ်။

"ကြွက်ဦးကြီး၊ ကျွန်မတို့တစ်ခါမှ မရောက်ဘူးကြတဲ့ နေရာကို ရောက်လာခဲ့ကြပြီ"

"ဟုတ်တယ်၊ ငါတို့တစ်နေရာမှာ နားကြရအောင်ဟေ့"

ပတ်ဝန်းကျင်ကိုလည်း လေ့လာရင်းနဲ့ပေါ့၊ ယာဉ်ပျံကိုလည်း ပြင်ဆင်တာ ပြင်ရမယ်၊ တော့်တော့်ကို အထိနာသွားပုံရတယ်"

ရဲတိုက်ဟောင်းကြီး တစ်ခုကို မြင်လိုက်ကြရတယ်။

"ဟိုမှာ ရဲတိုက်ကြီး၊ အတော်ပဲ၊ မိုးလုံလေလုံ နားရမယ်"

ကြွက်ဖြူမလေးက ယာဉ်ပျံလေးကို ရဲတိုက်ကြီးရဲ့ ပြတင်းပေါက်တစ်ခုကနေ မောင်းဝင်လာခဲ့တယ်။





အထဲရောက်တော့ ကြမ်းပြင်ပေါ်မှာ ရပ်နားလိုက်တာပေါ့။

ကြွက်ညိုကအရင် ကြမ်းပြင်ပေါ်ကို ခုန်ဆင်းလိုက်တယ်။

"ဟေ့၊ ဘယ်ကိုမှ လျှောက်မသွားနဲ့ဦးနော်"

ကြွက်ဦးကြီးက ကြွက်ညိုကို သတိပေးလိုက်တယ်။

ကြွက်ညိုဟာ အင်မတန်မှ စပ်စုတတ်လို့ ဖြစ်တယ်။

ရဟတ်ယာဉ်လေးဟာ ထင်သလောက် စက်မချို့ယွင်းခဲ့လို့တော်သေးတာပေါ့၊ နည်းနည်းပါးပါးလောက်ပဲ ပြင်ဆင်ပြီးစီးသွားခဲ့တယ်။

ရဲတိုက်ဟောင်းကြီးရဲ့ ပုံသဏ္ဌာန်က ထူးခြားတယ်၊ ခြောက်ခြားစရာလည်း ကောင်းတယ်၊ စိတ်ဝင်စားရာလည်း ကောင်းတယ်။

အခန်းတွေထဲမှာ ပစ္စည်းအဟောင်းတွေ တော်တော်များများကို တွေ့လိုက်ကြရတယ်။

"ဒါ မြို့စားကြီးတစ်ဦးဦးက နေထိုင်ခဲ့တာပဲ ဖြစ်မှာပဲကွ"

ကြွက်ဦးကြီးဟာ သူတို့ကိုဦးဆောင်ပြီးတော့ ခေါ်သွားတယ်။

လှေကားတစ်ခုရဲ့ထိပ်မှာ ပန်းချီကားကြီးတစ်ချပ်ကို တွေ့လိုက်ကြရတယ်။ မြို့စားကြီးလို့ ထင်ရတဲ့သူရဲ့ ဓါတ်ပုံတစ်ပုံပဲဖြစ်တယ်။

ဓါတ်ပုံရဲ့အောက်မှာ ရှေးဟောင်းအဝတ်အစားနဲ့ ကြွက်တလေးတစ်ကောင်ရဲ့ ပုံကိုဝါ ဆွဲထည့်ထားတယ်။

ကြွက်ကလေးရဲ့ မျက်လုံးတွေဟာ မှေးမှေးနဲ့မို့ သူ့ကိုကြည့်ရတာသနားစရာတောင် ကောင်းနေသေးတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



လှေခါးပေါ်ကနေ ဆင်းလာခဲ့ကြတဲ့အခါ....

ပန်းချီကားထဲက ကြွက်ရုပ်လေးဟာ လှုပ်ရှားလာတယ်၊ အသက်ဝင်လာပြီး ထွက်လာခဲ့တယ်။

"ဟော့ ခဏ... ခဏကလေးနေကြပါဦး၊ ပြောစရာရှိလို့"

နောက်ကနေ လှမ်းခေါ်လိုက်တဲ့ အသံကြောင့် လှည့်ကြည့်မိလိုက်တာပေါ့၊ ကြွက်ကလေးဟာ လေထဲမှာပျံပြီး သူတို့ရဲ့နောက်က လိုက်လာခဲ့တယ်။

"ဟင်.... ရှင်.... ရှင်.... ဟို.... ပန်းချီကားထဲက"

"ဟုတ်ပါတယ်၊ ကျွန်တော်ဟာ မြို့စားကြီးရဲ့အချစ်တော် မိုးမှေးပါ၊ ခင်ဗျားတို့ဆီက အကူအညီတစ်ခု တောင်းချင်လို့"

ကြွက်ဦးကြီးက မေးတယ်။

"နေပါဦး၊ မင်းက ကြွက်တစ္ဆေလား၊ ငါတို့ကိုတော့ မခြောက်နဲ့နော်၊ မင်းကိုလည်း ငါတို့က ဘာအနှောက်အယှက်မှ မပေးဘူး"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ခင်ဗျားတို့ကို ယုံကြည်ပါတယ်၊ ဟောသည့် ရဲတိုက်ကြီးရဲ့ တစ်နေရာမှာ ရတနာပစ္စည်းတွေ ဝှက်ထားတာ ရှိပါတယ်။ ဒါဟာ မြို့စားကြီးပိုင်ဆိုင်တဲ့ ပစ္စည်းပေါ့ပါ"

"ဩော်.... တရားရစရာပဲ၊ မြို့စားကြီး သေသွားခဲ့တာတောင် သူ့ရဲ့ပိုင်ဆိုင်မှုတွေကို ယူမသွားနိုင်ပါလား"

"ဒါပေမယ့် သူသိမ်းထားခဲ့တဲ့ ပစ္စည်းတွေကို ကျွန်တော်တစ်ယောက်တည်း သိခဲ့ပါတယ်။ အခုတော့ လောဘကြီးတဲ့ သိုက်သမားတွေဟာ သဲလွန်စတွေနဲ့ ပစ္စည်းနေရာကို ရှာဖွေလာခဲ့ကြတယ်"





မြေခွေးတော်းတို့ အုပ်စုဟာ ရတနာတွေထားခဲ့တဲ့ နေရာကို ရှာဖွေတွေ့ရှိထားကြပါပြီ။ သူတို့ရတနာတွေကို ယူသွားကြတော့မယ်။ ကူညီနိုင်ရင် ကူညီကြပါဦး"

ကြွက်တစ္ဆေမိုးမှေးက အကူအညီတောင်းတယ်။

"ပိုင်ရှင်မရှိတော့တဲ့ ပစ္စည်းတွေကို ယူတာပဲ၊ ယူပေ့စေပေါ့၊ မင်းက ဘာဖြစ်လို့ စိုးရိမ်နေရတာလဲ"

"သူတို့ဟာ မသမာသူတွေ ဖြစ်နေလို့ပေါ့ဗျာ။ ဒါတွေကို ထုခွဲပြီး မသင့်တော်တဲ့ နေရာမှာ အသုံးပြုကြမှာ စိုးရိမ်မိလို့ပါ"

"ကဲ- ဒါဖြင့် ငါတို့အခြေအနေကို သွားပြီး လေ့လာကြည့်ရအောင်"

"သူတို့မသိအောင် သွားကြမှ ဖြစ်မယ်ဗျို့"

မိုးမှေးက ရှေ့ကနေ ထွက်သွားတယ်။ မြေတိုက်ခန်းကြီးတစ်ခုဆီကို ရှေ့ရှုပြီး သွားကြတယ်။

မြေတိုက်ခန်းထဲကိုဆင်းတဲ့ အဖုံးတံခါးဟာ ပွင့်နေတယ်။ မြေခွေးတော်းတို့ အုပ်စုရဲ့ လက်ချက်ပဲဆိုတာ သိလိုက်ကြရတာပေါ့။

ကြွက်မိုးမှေးဟာ လှေခါးပေါ်က သည်အတိုင်း မဆင်းဘဲ လေထဲကနေ ဆင်းသွားတယ်။ ကြွက်ညီပုဟာ ဘာပြောသလည်းဆိုရင်-

"တော်တော် ခြေသောင်းသက်သာတာပဲ"

လှေခါးထစ်အဆုံးကို ရောက်သွားခဲ့ကြတယ်။

အခန်းထဲက အသံတွေကို ကြားလိုက်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တော့ သူဌေးဖြစ်ပြီဟော့၊ မီးလျှံမှာ သူဌေးကြီးတိုးဆိုတာ တမ္ဘာလောကမှာ အချမ်းသာဆုံး သူဌေးကြီးပေါ့။ ဟား-ဟား-ဟား"

မြွေခွေးငတိုးဟာ ရတနာပုံကြီးပေါ်မှာ ထိုင်နေပြီးတော့ အားရ ပါးရ ရယ်မောနေတယ်။ ငွေဒင်္ဂါးတွေ၊ အဖိုးတန်ရတနာတွေကို ခေါင်းပေါ်ကနေ မြှောက်ပြီး ကစားနေတယ်။

"အဲဒါ မြွေခွေငတိုးနဲ့ သူ့တပည့်တွေပဲ"

ဖိုးမေးက တိုးတိုးလေး ပြောလိုက်တယ်။ ငတိုးရဲ့ တပည့်တွေဟာ ပါလာတဲ့ အိတ်ထဲက ရတနာတွေကို ထည့်နေကြတယ်။

ကြွက်ဦးကြီးက....

"ငါတို့လို သေးကွေးတဲ့ကောင်တွေက သည်ကောင်တွေကို ယှဉ်ဖို့ဆိုတာ မလွယ်လှဘူး"

သည်တော့ ခေါင်းထဲက အကြံအစည်တွေ ထုတ်ကြရတယ်၊

ကြွက်တစ္ဆေဖိုးမေးကို ကြွက်ညိုက ဘယ်လိုပြောသလည်း ဆိုရင်....

"မင်းက ကိုယ်ဖျောက်လို့ရတယ်။ အဲသည်တော့ ဟိုကောင်တွေကို....

တိုးတိုးလေး ကပ်ပြောလိုက်တဲ့အခါ ဖိုးမေးလည်း သဘော ပေါက်သွားတယ်။

မြွေခွေးငတိုးရဲ့ ခေါင်းကို လက်နဲ့ပုတ်လိုက်တယ်။





"ဟေ့.... ငါ့ခေါင်းကို ပုတ်ဟာ ဘယ်ကောင်လည်းကွ။ ဘာ လည်း မင်းတို့က ငါ့ကို အားခံတာလား။ ရတနာတွေကို ရပြီဆိုပြီး မလေးမစားတော့ လုပ်မယ် မကြံနဲ့နော်။ ဒါ မင်းတို့နဲ့ ဘာမှမဆိုင်ဘူး။ ငါခေါင်းဆောင် ငါဝေပေးမှ ရမယ်"

ငတိုးရဲ့ တပည့်တွေဟာ မကျေမနပ် ဖြစ်သွားခဲ့ကြတယ်။

"ဘာလည်းကွ၊ သူက ငါတို့ကို ပေးချင်သလောက် ပေးပြီး ခေါင်းပုံဖြတ်ဦးမယ် ထင်တယ်"

"သည်လို မတရားလုပ်လို ဘယ်ရမလည်းကွ။ သည်ရတနာ တွေကို ငါတို့လည်း အပင်အပန်းခံပြီး ရှာကြရတာပဲ။ ငါတို့ဟာသာ ငါတို့ထိုက်တန်သလောက် ယူမယ်။ ဘာဖြစ်သေးသလဲ"

တစ်ပေါက်စီ ပွစိပွစိနဲ့ မကျေမနပ် ဖြစ်နေကြတယ်။

ကြွက်ဖြူမလေးဟာ ထုတ်တန်းပေါ်ကနေ အုတ်ကျိုးတစ်ခုကို တွေ့တာနဲ့ အားစိုက်ပြီး တွန်းချလိုက်တယ်။

မြွေခွေးငတိုးရဲ့ ခေါင်းပေါ်ကို ကျသွားပါလေရော။

"အား.... ဟေ့ကောင်တွေ၊ မင်းတို့က ငါ့ကို သကြောင်းကြံ တာလားကွ"

"ခင်ဗျား ကျွန်တော်တို့ကို အလကား အပြစ်မရှိ အပြစ်ရှာနေ တယ်၊ ရတနာတွေကို တစ်ဦးတည်း အပိုင်စီးချင်တာနဲ့ သည်လိုလုပ် တာတော့ ဘယ်ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာနဲ့ တပည့်တွေစကားများကြပြီး သတ်ပုတ်ကြပါလေရော၊ မြေခွေးငတိုးဟာ တပည့်တစ်ဦးရဲ့ မျက်နှာကို လက်သီးနဲ့ထိုးထည့်လိုက်တယ်။

"အား.... သေပါပြီ"

တင်ပါးကို အပ်စူးသွားတဲ့အတွက် အသံကို ဟစ်အော်လိုက်ပြီး ထွက်ပြေးသွားပါလေရော။

လှေခါးမှတ်လို့ ခုန်ချလိုက်တာ ပြတင်းပေါက်ကြီး ဖြစ်နေတယ်။

ရေပြင်ကြီးတစ်ခုက ရဲတိုက်ကြီးရဲ့ အပြင်ဘက်မှာ ဆီးပြီးတော့ ခံနေတယ်။

ရေထဲကို ထိုးကျသွားတာပေါ့။

"ဘွမ်း"

အဲသည့်အချိန်မှာ နှစ်ချို့မိချောင်းကြီးတစ်ကောင်ဟာ ရေထဲကနေ ပေါ်လာပြီး တစ်အားထိုးလိုက်ပါလေရော။

"ကယ်တော်မူကြပါ"

ကြွက်တစ္ဆေဖိုးမေးက မြေခွေးငတိုးရဲ့ မျက်နှာကိုကပ်ပြီး သူ့မျက်နှာကို အကြီးကြီး လုပ်ပြလိုက်တဲ့အတွက်....

"တ.... တရဲ.... တရဲ"

သူရော သူ့တပည့်ပါ ငယ်သံပါအောင်အော်ပြီး ထွက်ပြေးကြတယ်၊ ပြတင်းပေါက်ထဲကနေ တစ်ဦးပြီးတစ်ဦး ကျကုန်ကြတယ်။





"ဘွမ်း"

"ဘွမ်း"

မိချောင်းကြီးလည်း သူတို့ကိုမြင်ရော တစ်အားထိုးပြီး လိုက်ပြန်ပါလေရော။

"ဟား သည်ကနေ့ ငါကံကောင်းတဲ့နေ့ပါလား၊ ရေဆင်းကူးကြပြန်ပြီဟေ့"

"ကယ်ကြပါ၊ ကယ်ကြပါ"

မြေခွေးငတိုးတို့ရဲ့ ကံကြမ္မာကတော့ မတွေးဝံ့စရာပါပဲ။

ရဲတိုက်ကြီးပေါ်မှာတော့ ကြွက်ကလေးဖိုးမေးဟာ ကြွက်ဖြူမလေးတို့ကို သိပ်ပြီးတော့ ကျေးဇူးတင်နေမိတယ်။

"ခင်ဗျားတို့ ကူညီတဲ့အတွက် သည်ပစ္စည်းတွေကို မသမာသူတွေရဲ့ လက်ထဲကို ရောက်မသွားခဲ့ရတာပါ။ ကျေးဇူးအထူးတင်ပါတယ် ခင်ဗျာ"

"ကျွန်မတို့လည်း အကြောင်းတိုက်ဆိုင်လို့ ကူညီခွင့်ရတာပါ၊ အဆင်ပြေသွားလို့ ဝမ်းသာမိပါတယ်"

သူတို့ဟာ ရဲတိုက်ကြီးပေါ်ကို ပြန်ပြီး တက်လာခဲ့ကြတယ်။

ကြွက်တစ္ဆေလေးဖိုးမေးဟာ သူတို့ကို နှုတ်ဆက်တယ်။

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

လေထဲမှာ လွှန့်လွှေးပျံသန်းသွားပြီး....

သူ့ရဲ့ပန်းချီကားထဲကို ပြန်ဝင်သွားပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



"အင်း.... သူကတော့ အေးအေးဆေးဆေး ဖြစ်သွားပြီပေါ့လေ၊ ငါတို့လည်း သူတပါးရဲ့ အခက်အခဲကို ကူညီနိုင်ခဲ့တာပေါ့"

အဲသည့်နောက်မှာတော့....

ရဟတ်ယာဉ်လေးကိုစီးပြီး

ရဲတိုက်ကြီးထဲက ထွက်ခွာလာခဲ့ကြသတဲ့ကွယ်။

❑

## ကျားမင်းသားလေး

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ ဘုရင့်သမီးတော်လေး တစ်ပါးရှိတယ်။ သူ့ရဲ့ နာမည်ကတော့ ဆည်းဆာဒေဝီလို့ ခေါ်သတဲ့။

ဆည်းဆာဒေဝီ မင်းသမီးလေးဟာ အင်မတန်မှ ချောမောလှပတယ်။ မြင်သူတကာ ငေးရလောက်တဲ့ ရုပ်အဆင်းနဲ့ ပြည့်စုံတယ်။

အတိုင်းတိုင်း အပြည်ပြည်က မင်းညီမင်းသားတွေဟာ မင်းသမီးလေးရဲ့ အချစ်ကို လိုချင်ကြတယ်။ ထိမ်းမြား လက်ထပ်လိုကြတယ်။ မင်းသမီးလေးရဲ့ ခမည်းတော်ကို လက်ဆောင်ပစ္စည်းတွေ မြောက်မြားစွာ ပေးကြ၍သော်လည်းကောင်း-

တစ်ချို့ဆိုရင် တိုင်းပြည်ကို တစ်ဝက်ပေး၍သော်လည်းကောင်း တောင်းယူကြတယ်။

ဒါပေမယ့် မင်းသမီးလေးကတော့ ဘယ်သူ့ကိုမှ လက်မခံဘူးတဲ့။

မင်းသမီးလေးကို ချစ်မြတ်နိုးနေတဲ့သူတွေ အထဲမှာ ကျားမင်းသားလေးလို့ခေါ်တဲ့ လုလင်လေးတစ်ယောက်လည်း ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ တောထဲမှာပဲ မွေးဖွားခဲ့သူ ဖြစ်တယ်။

မိခင်ဖြစ်သူဟာ အမတ်ကြီးတစ်ဦးရဲ့ ဇနီးဖြစ်တယ်။ အမတ်ကြီးကို ဘုရင်က ထီးနန်းလုယူမယ်လို့ အထင်လွဲပြီး အမျက်ဒေါသ သင့်ခဲ့တယ်။

အသတ်ခံရမှာစိုးလို့ သေဘေးကြောင့် တောထဲရှောင်တိမ်းပြီး ပြေးကြရတယ်။ အမတ်ကြီးရဲ့ ဇနီးမှာ ကိုယ်ဝန်အရင့်အမာနဲ့ ပါသွားခဲ့တာပေါ့။

တောထဲပုန်းအောင်းနေကြစဉ်မှာ ဇနီးဖြစ်သူဟာ သားလေးကို မွေးဖွားတယ်။ မွေးပြီးချင်းချင်းပဲ မိခင်လည်း သေဆုံးသွားခဲ့ပါလေရော။

အမတ်ကြီးလည်း သူ့ခေါ်လာခဲ့လို့ သေရတယ်ဆိုပြီး ယူကြုံးမရဖြစ်မိတယ်။ ဇနီးရဲ့ အလောင်းကို မြေမြှုပ်ပြီး အပြန်မှာ ကျားကိုက်ခံရလို့ သေရရှာပြန်တယ်။

အဲသည့် အဖြစ်အပျက်ကို သိသွားတဲ့ ဇော်ဂျီတစ်ပါးဟာ ကိုက်သတ်တဲ့ ကျားကို သူ့ရဲ့ တောင်ဝှေးနဲ့ ထိုးပြီး သတ်ပစ်လိုက်တယ်။

ကျားရေကိုဆုတ်ပြီး ဆေးစီရင်တယ်။ အဲသည့် ကျားရေကို ကလေးရဲ့ ကိုယ်ပေါ်မှာ ခြုံပေးလိုက်တာနဲ့ ချက်ချင်းပဲဆယ့်ခြောက်နှစ်သား အရွယ်ကို ရောက်သွားခဲ့လေသတဲ့။

"ငါ့သား မင်းဟာ တောထဲမှာရှိတဲ့ ဘယ်ကျားမဆို အနိုင်ရအောင် ငါသင်ကြားပေးမယ်၊ ပြီးတော့ ဂါထာမန္တာန်အတတ်ကိုလည်း သင်ကြားရမယ်"





"ဟုတ်ကဲ့ ကျွန်တော်သင်ကြားပါ့မယ်၊ အဖဇော်ဂျီ"

ဇော်ဂျီဟာ ကလေးကို သနားပြီး သံယောဇဉ်ဖြစ်ခဲ့လို့ မိမဲ့ဖမဲ့ဘဝနဲ့ လောကအလယ်မှာ မျက်နှာမငယ်စေချင်ဘူး။

လူတို့ တတ်အပ်တဲ့ အတတ်ပညာတွေ မှန်သမျှ အကုန်အစင် သင်ပေးတယ်။

ကျားနဲ့ သတ်ပုတ်စေတဲ့ အခါမှာလည်း လွယ်လွယ်လေးနဲ့ အနိုင်ယူပြီး သတ်နိုင်ခဲ့သတဲ့။

ကျားမင်းသားလေး တောထဲမှာ ခွန်အားဗလပြည့်စုံစွာနဲ့ ကြီးပြင်းလာခဲ့တယ်။

ကဲ–ဆည်းဆာဒဝီ မင်းသမီးလေးဆီပြန်ပြီး ဆက်ကြရအောင်။

မင်းသမီးလေးရဲ့ အချစ်ကို လိုချင်တဲ့သူတွေ အထဲမှာ မှော်ဆရာကြီး အဂ္ဂလည်း ပါသတဲ့။ အဂ္ဂဟာ သူတပါးအပေါ်မှာ အမြဲတမ်း မကောင်းကြံစည်နေတဲ့သူ မလိုရင်မလိုသလို ဒုက္ခပေးတတ်တယ်။

သူ့ကို ဘယ်သူကမှ သဘောမကျဘူး။

အဂ္ဂဟာ နန်းတော်ထဲကို သူ့သဘောနဲ့သူ ရောက်လာတယ်။ မဖိတ်ခေါ်ဘဲနဲ့ ပြတင်းပေါက်ကနေ ဝင်ရောက်လာခြင်းပဲ ဖြစ်တယ်။

"အရှင်မင်းမြတ်၊ သင့်ရဲ့ သမီးတော်ကို ငါနဲ့ လက်ထပ်ထိမ်းမြားပေးပါ"

ဆိုပြီး ရဲရဲတင်းတင်းပဲ တောင်းဆိုတယ်။ ဘုရင်ကြီးဟာ ချက်ချင်း ဒေါသထွက်သွားပေမယ့် အတတ်နိုင်ဆုံး မြိုသိပ်ပြီးတော့....



www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်မှာ သမီးတော်ကလေးက မည်သူ့ကိုမှ လက်ထပ်ဖို့ စိတ်မဝင်စားပါ။ ဒါကြောင့်မို့ သင်လာရာလမ်းကိုသာ ပြန်ပါ"

"ကျွန်ုပ်ကို အရှင်မင်းမြတ်က နှင်သလား၊ ကျွန်ုပ်အကြောင်း အခုချက်ချင်း သိစေရမယ်"

မှော်ဆရာကြီးအဂ္ဂဟာ ဒေါသထွက်သွားတယ်၊ ဒါကြောင့်မို့ မစားရတဲ့ အမဲသဲနဲ့ပက်မယ်ဆိုပြီး မင်းသမီးလေးကို သူ့လက်ညှိုးနဲ့ ထိုးလိုက်တာနဲ့ မျက်လုံးတွေဟာ ကြောင်တောင်ကွယ်သွားပါလေရော။

"ဟင်.... ငါ့မျက်လုံးတွေ မမြင်ရတော့ဘူး၊ ငါ့တော့ ဘဝဆုံးပြီ"

မင်းသမီးလေးလည်း ယူကျုံးမရ ဖြစ်သွားခဲ့တယ်။

သိပ်ပြီးတော့လည်း ဝမ်းနည်းကြေကွဲသွားမိတယ်။

"ဟား.... ဟား.... ဟား.... ဟား ငါ့အကြောင်းသိပြီမဟုတ်လား၊ အဂ္ဂတဲ့ဟေ့၊ မှော်ဆရာကြီးအဂ္ဂဟာ ကြောက်စရာ အသံကြီးနဲ့ အော်ဟစ်ပြီးတော့ နန်းတော်ရဲ့ ပြတင်းပေါက်ကနေ ပြန်ထွက်သွားတယ်။

"ဟဲ့.... လေးသည်တော်တွေ သည်မိစ္ဆာကောင်ကို လိုက်ပြီး နှိမ်နင်းကြစမ်း မြန်မြန်"

လေးသည်တော်တွေလည်း ကောင်းကင်ပေါ်က ပြန်ပြေးသွားတဲ့ မှော်ဆရာကြီးကို မြားနဲ့ပိုင်းပစ်ကြတာ ဘယ်လိုမှ မထိဘူးတဲ့။





မင်းသမီးလေး ဆည်းဆာဒေဝီရဲ့မျက်လုံးတွေကို သမားတော်အကျော်အမော်တွေနဲ့ ကုသပေမယ့်လည်း မပျောက်ကင်းဘူးတဲ့။

မျက်စိမမြင်တဲ့ မင်းသမီးလေးကို အတိုင်းတိုင်းအပြည်ပြည်က မင်းသားတွေကလဲ စိတ်ဝင်စားခြင်း မရှိကြတော့ဘူး လက်ထပ်ဖို့လည်း ကမ်းလှမ်းခြင်း မပြုကြတော့ဘူးတဲ့။

မင်းသမီးလေးဟာ သူ့ဘဝအတွက် ပူဆွေးသောကရောက်နေရတာပေါ့။

တောထဲက ဖော်ဂျီဟာ သူ့ရဲ့မွေးစားသား ကျားမင်းသားလေးကို....

"ငါ့သား နန်းတော်ကိုသွားပြီး ဘုရင်ကြီးရဲ့ အခက်အခဲကို သွားပြီးကူညီပါ"

"ကောင်းပါပြီ ဖခင်"

ကျားမင်းသားလေးဟာ မြေကိုလျှိုးပြီးတော့ နန်းတော်ဆီကို ရောက်သွားတယ်။

ညီလာခံ နန်းဆောင်ရဲ့ အောက်ခြေကနေဖောက်ပြီး ဘုရင့်ရှေ့မှောက်ကို ရောက်သွားခဲ့တာပေါ့။

ဘုရင်ကြီးဟာ ရုတ်တရက်မို့ အထိတ်တလန့်ဖြစ်သွားသလို အံ့အားလည်းသင့်သွားခဲ့တယ်။

"ဟင်..., ငါ့ကို အနှောက်အယှက် ထပ်ပေးအုံးမယ့်သူ ဟာ ပြန်ပြီထင်တယ် ဖယ်ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



စစ်သည်တော်တွေဟာ ကျားမင်းသားလေးကို လိုက်ပြီးတော့ ဖမ်းကြတယ်။

ဒါပေမယ့် ကျားသရေကြီးကို ခြံလိုက်တာနဲ့ ကိုယ်ပျောက်သွားပါလေရော။

နန်းတော်ထဲ တစ်နေရာမှာပြန်ပြီးတော့ ပေါ်လာတယ်၊ လိုက်ဖမ်းရင် ပျောက်သွားပြန်တယ်၊ ကိုယ်ပျောက်နေတဲ့ ကျားမင်းသားလေးရဲ့အသံဟာ တစ်နေရာကနေ ထွက်ပေါ်လာခဲ့တယ်။

"ဘုရင်မင်းမြတ် ကျွန်တော်မျိုးဟာ အနှောင့်အယှက်ပေးရန် လာရောက်ခဲ့ခြင်းမဟုတ်၊ အကူအညီပေးရန် ရောက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်ုပ်ကို ထပ်မံ၍ ဖမ်းဆီးရန် ကြံဦးမည်ဆိုပါက နန်းတော်ထဲက ချက်ချင်းထွက်သွားပါမည်"

သည်တော့မှ ဘုရင်ကြီးလည်း ကတိပေးလိုက်ရတယ်။

"ကောင်းပြီ သင့်ကို မဖမ်းဆီးခိုင်းတော့ပါ"

နန်းတော်တိုင် ပုန်းအကွယ်က ထွက်လာခဲ့တဲ့ ကျားမင်းသားလေးဟာ ပဖော်ဂျီလွှတ်လိုက်လို့ ရောက်လာခဲ့ရတဲ့ အကြောင်းရှင်းပြလိုက်တဲ့အခါ မင်းသမီးလေးရဲ့ ကိစ္စပါ ပါသွားခဲ့တယ်။

"မှော်ဆရာကြီးရဲ့ အာဂတွင်းထဲမှာ ပတ္တမြားမျက်ရှင်ရှိပါတယ်။ ပတ္တမြားမျက်ရှင်ကိုရမှ မင်းသမီးလေးကို ကုသနိုင်ပါမယ်"

"အသင်ကျားမင်းသား ကူညီပါ၊ သမီးတော်လေးရဲ့ဝေဒနာ ပျောက်ကင်းပါက ကျေးဇူးမမေ့ပါ"





"ကျွန်တော်မျိုး ပတ္တမြားမျက်ရှင်ကိုရအောင် ဆောင်ယူလာခဲ့ပါမယ်"

မှော်ဆရာကြီးအဂ္ဂဟာ သူနေတဲ့ဂူကြီးထဲကနေပြီး ဖန်လုံးထဲက ကြည့်လိုက်တဲ့အခါ....

"အလို တောတောင်ခရီးကို အလွယ်တကူ ဖြတ်သန်းပြီးလာတဲ့ သူဟာ ငါ့ကို ရန်ပြုမယ့်သူပါလား"

သူဟာ ရန်သူမှန်း အလိုလိုသိနေတယ်။

ကျားမင်းသားလေးဟာ မှော်အဆရာကြီး နေထိုင်တဲ့ဂူနားကို ရောက်လာတဲ့အခါ....

မှော်ဆရာကြီးအဂ္ဂကလည်း ဂူအပြင်ကို ထွက်လာပြီး....

"ဟေ့.... မင်းဟာ ငါ့ကို ရန်ပြုဖို့လာတဲ့ ရန်သူမဟုတ်လား"

"ခင်ဗျားကို ရန်ပြုဖို့လာခဲ့ခြင်း မဟုတ်ပါ၊ မင်းသမီးလေးရဲ့ မျက်စိကွယ်နေတဲ့ ဝေဒနာကို သင်ကုစားပေးဖို့လာပြောတာပါ၊ သင့်ရဲ့ အတတ်ပညာနဲ့ ပြုစားထားတာ ပြန်လည်ရုပ်သိမ်းပေးပါ"

"အံမာ သင်နဲ့ဘာဆိုင်လို့ ငါ့ကိုလာပြီးအမိန့်ပေးနေရတာလဲ၊ ငါမကုပေးနိုင်ဘူးဆိုရင်ကောဟေ့"

"သင့်ကို တိုက်ခိုက်ပြီး ပတ္တမြားမျက်ရှင်ကို ယူရပါလိမ့်မယ်"

"ဟား...၊ ဟား.... ဟား.... ဟား.... သင်ငါ့ဆီမှာ ပတ္တမြားမျက်ရှင် ရှိနေတာကို သိနေမှကိုး၊ ကိုင်း ...သင်ယူနိုင်ရင် ရအောင်ယူပေတော့"



www.burmeseclassic.com

www.burmeseclassic.com



မော်ဆရာကြီး အင်္ဂရဲ့ကိုယ်ထဲက မီးခိုးတွေထွက်လာခဲ့တယ်၊ မီးခိုးလုံးကြီးတွေ ပျောက်ကွယ်သွားတဲ့အခါ ကျားပျံတစ်ကောင်ရဲ့ အသွင်သဏ္ဌာန်ပေါ်လာခဲ့တယ်။

ကျားပျံကြီးဟာ ပါးစပ်ကြီးဖြဲပြီး ဟိန်းဟောက်လိုက်တဲ့အခါ ပါးစပ်ထဲက ပတ္တမြားမျက်ရှင်ဟာ ဝင်းဝင်းလက်လက်နဲ့ ဖြစ်ပေါ်လာတယ်။

နောက်တော့...

တဟုန်ထိုး ပျံသန်းပြီး ကျားမင်းသားလေးဆီကို ရောက်လာတဲ့အခါ....

"မော်ဆရာကြီး ခင်ဗျားက ကျွန်တော့်အကြောင်းမှ မသိသေးဘဲကိုး"

ကျားပျံကြီးဟာ သူ့အတောင်ကြီး နှစ်ခုကို ဇော့ယမ်းလိုက်တာနဲ့ သစ်ပင်တွေရဲ့ အကိုင်းအခက်တွေ ကျိုးပြတ်ကုန်ကြတယ်။

လေကြီးမိုးကြီးကျလာသလိုဖြစ်ပြီး တချို့အမြစ်ကနေကျွတ် ထွက်ကုန်ကျတယ်။

ကျားမင်းသားလေးလည်း လေပြင်းအဟုန်ကြောင့် လွင့်ထွက်မသွားစေဖို့ သစ်ပင်ကြီးတစ်ပင်ကို ဖက်တွယ်ထားရတယ်။

ကျားပျံကြီးဟာ ကျားမင်းသားလေးကို ကိုက်ဖို့ပြေးလာတဲ့အခါ လျင်မြန်စွာ ရှောင်တိမ်းနိုင်လိုက်တဲ့အတွက် လွတ်မြောက်သွားခဲ့တာပေါ့။





အဲသလို လွတ်မြောက်သွားခဲ့တာနဲ့ တပြိုင်နက် ကျားမင်းသားလေးဟာ ကျားပျံကြီးရဲ့ကိုယ်ပေါ်ကို ခုန်တက်လိုက်တယ်။

ကျားပျံကြီးလည်း မိုးကောင်းကင်ပေါ်ကို တဟုန်ထိုးပျံသန်းပြီးတော့ပြေးတယ်၊ သူ့ကိုယ်ပေါ်မှာ ပါလာတဲ့သူကို အောက်ကိုကျအောင် ခါချတယ်။

ဒါပေမဲ့ ကျားမင်းသားလေးဟာ သတိကြီးစွာထားပြီးကျားပျံကြီးရဲ့ မျက်လုံးနှစ်ဖက်ကို ဖောက်ထုတပြစ်လိုက်တယ်။

အင်မတန်နာကျင်သွားခဲ့တဲ့အတွက် ကြောက်မက်ဖွယ်အသံဆိုးကြီးနဲ့ ဟိန်းဟောက်လိုက်ပါတော့တယ်။

အဲ့သလို ဟိန်းဟောက်လိုက်တဲ့အခါမှာ ပါးစပ်ထဲကပတ္တမြားမျက်ရှင်ဟာ ထွက်ကျသွားပါလေရော။

ကျားမင်းသားလေးလည်း ပတ္တမြားမျက်ရှင်ကို ခုန်ပြီးဖမ်းလိုက်တဲ့အခါ လက်ထဲရောက်သွားပေမယ့် ရေထဲကိုကျသွားတယ်။

မော်ဆရာကြီးကတော့ ကျားပျံကြီးအဖြစ်နဲ့ တောင်ကြီးတစ်တောင်ကို ဝင်ပြီး တိုက်မိသွားတယ်။

"အား...."

မော်ဆရာကြီးအဖြစ် ပြန်ပြောင်းသွားပြီး မြေပြင်ပေါ် ကျသွားတဲ့အခါမှာ သေဆုံးသွားပါလေတော့တယ်။

ကျားမင်းသားလေးလည်း ပတ္တမြားမျက်နှာနှင့်အတူ နန်းတော်ကို ပြန်ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားမျက်ရှင်ကို နေရောင်မှာ ထောင်လိုက်တဲ့အခါ နီရဲတဲ့ အလင်းရောင်တန်းတစ်ခု ထွက်လာတယ်။

အဲသည့် အလင်းရောင်တန်းနဲ့ ဆည်းဆာဒေဝီ မင်းသမီးလေးရဲ့ မျက်လုံးကို ထိတွေ့စေတယ်။

ဂါထာမန္တာန်ကိုလည်း သူရွတ်တယ်။

မင်းသမီးလေးရဲ့ မျက်လုံးလည်း ချက်ချင်းပဲပြန်ပြီး မြင်သွားခဲ့တာပေါ့။

ဆည်းဆာဒေဝီ မင်းသမီးလေးဟာ သူ့မျက်လုံးတွေ ပြန်ပြီး မြင်သွားခဲ့ရတဲ့အတွက် သိပ်ပြီး အံ့သြဝမ်းသာသွားမိခဲ့ရတယ်။

အဲသည့်အချိန်မှာ နန်းတော်ထဲကို ဖေဖော်ဂျီဟာ မမျှော်လင့်ဘဲ ရောက်လာပြီး....

"အရှင်မင်းကြီး ဤလုလင်ပျိုသည် အခြားသူမဟုတ်၊ အရှင်မင်းကြီး၏ အထင်လွဲမှုကိုခံရ၍ နန်းတော်မှထွက်ပြေးသွားခဲ့ရသော အမတ်ကြီး၏ သားပင်ဖြစ်သည်။

အကြောင်းစုံကို ရှင်းပြလိုက်တယ်။

အဲသည့်အခါမှာ ဘုရင်ကြီးလည်း နောင်တရသွားခဲ့တယ်။ ကျားမင်းသားလေးကိုလည်း ကျေးဇူးတင်၊ သူ့ဘဝအတွက် တာဝန်လည်း ရှိတဲ့အတွက် သမီးတော်လေး ဆည်းဆာဒေဝီနဲ့ လက်ဆက်ပေးလိုက်သတဲ့။

သမီးတော်လေးကလည်း ကျားမင်းသားလေးကို ကြည်ဖြူစွာပဲ လက်ခံလိုက်သတဲ့ကွယ်။

◻



## ဆန္ဒနတ်သားနဲ့ ဘုရင်ကြီး

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါး ရှိတယ်။

သူဟာ တိုင်းသူပြည်သားတွေကို မင်းကျင့်တရား ဆယ်ပါးနဲ့ အညီ အုပ်ချုပ်တယ်။ ကိုယ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စထက် ပြည်သူပြည်သားတွေရဲ့ အရေးကိစ္စကို ပိုပြီး၊ အလေးထားသတဲ့။

ဘုရင်ကြီးကို အားလုံးက ချစ်ခင်ကြတယ်။

လူတွေတင် လေးစားချစ်ခင်ကြတာ မဟုတ်ဘူး။

နတ်တွေကလည်း လေးစားချစ်ခင်ကြတာပဲတဲ့။

လူတွေရဲ့ အလိုဆန္ဒကို ဖြည့်ဆည်းပေးတဲ့ နတ်သားလေး တစ်ပါးရှိတယ်။ သူ့ရဲ့ နာမည်က ဆန္ဒနတ်သားလို့ ခေါ်သတဲ့။

အဲသည့် နတ်သားလေးဟာ ဘုရင်ကြီးနဲ့ အမြဲတမ်းလိုလိုပဲ စစ်တုရင် ကစားလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ စစ်တုရင်ကစားတဲ့ အချိန်ဟာ ညဉ့်သန်းခေါင်ယံအချိန်ပဲ ဖြစ်တယ်။

ညတစ်ညမှာ မင်းကြီးဟာ ဆန္ဒနတ်သားနဲ့ စစ်တုရင်ကစားရင်း အလိုဆန္ဒတစ်ခုကို စဉ်းစားမိတယ်။

"အသင်နတ်မင်း၊ ကျွန်ုပ်ဟာ သူတပါးရဲ့ အလိုဆန္ဒကို ဖြည့်တင်းပေးနေရတဲ့အတွက် ကိုယ်ရဲ့ ဆန္ဒကို ဖြည့်တင်းပေးဖို့ မေ့နေတယ်။ တစ်ခါတစ်လေ ကျွန်ုပ်လည်း ဖြစ်ချင်တာကို ခံစားဖြည့်ဝချင်တဲ့ ဆန္ဒရှိနေတယ်။

"အရှင်မင်းကြီး၊ သင့်မှာ ဘယ်လိုဆန္ဒမျိုးရှိတယ်ဆိုတာသာ ပြောပါ။ ကျွန်ုပ်ကူညီနိုင်တာ ကူညီပါ့မယ်"

"ခု-လောလောဆယ် ရှိနေတဲ့ အလိုဆန္ဒမျိုးကတော့ တန်ခိုးရှင်တစ်ဦး ဖြစ်ချင်ပါတယ်။ ကျွန်ုပ်လက်နဲ့ ထိတွေ့ခဲ့ရတဲ့ အရာမှန်သမျှ ရွှေဖြစ်စေရမယ်။ အဲဒါကို ကျွန်ုပ်မြင်ချင်တယ်"

"ဘုရင်ကြီး သင့်ရဲ့ အလိုဆန္ဒကို ကျွန်ုပ်ဖြည့်ပေးနိုင်ပါတယ်။ ဒါပေမယ့် သင် တစ်ချိန်ချိန်မှာ ထိုတန်ခိုးဆန္ဒကြောင့် ဝမ်းနည်းပက်လက် ဖြစ်ရလိမ့်မယ်"

"အသင်နတ်မင်း ကျွန်ုပ်ကောင်းမွန်စွာ ထိန်းသိမ်းခဲ့ရင် ချွတ်ချော်မှုဆိုတာ မဖြစ်နိုင်ပါ။ ကျွန်ုပ်ရဲ့ ဆန္ဒကိုသာ လျင်မြန်စွာ ဖြည့်ဆည်းပေးပါ"

"ကောင်းပြီ၊ သင့်ရဲ့အလိုကို ကျွန်ုပ်ဖြည့်ဆည်းပေးလိုက်ပါ့မယ်။ ဆန္ဒပြည့်စေ"





ဆန္ဒနတ်သားက မင်းကြီး တောင်းထဲ့ဆုကို ပေးလိုက်သတဲ့။

မင်းကြီးဟာ ရွှေလက်ကိုရတဲ့အခါ လက်တည့်စမ်းကြည့်တယ်။

"ဟောသည့် ဖွန်းလေးကို တို့ကြည့်လိုက်မယ်"

ဖွန်းလေးကို ကြည့်လိုက်တော့ ရွှေဖွန်းလေး ဖြစ်သွားပါလေရော"

ဘုရင်ကြီးလည်း သိပ်ပြီး သဘောကျသွားခဲ့တာပေါ့။

"တယ် ဟုတ်ပါလား"

ပန်းကန်ကို ကိုင်ကြည့်လိုက်တော့လည်း ပန်းကန်က ချက်ချင်း ရွှေဖြစ်သွားတယ်။

ပန်းပင်လေးကို ကိုင်ပြန်တော့လည်း ချက်ချင်းပဲ ရွှေပန်းပင် ဖြစ်သွားတယ်။

ဘယ်ပစ္စည်းကိုပဲ ထိထိ၊ အားလုံးဟာ ရွှေစင်ရွှေသားအတိ ဖြစ်ဖြစ်သွားတယ်။

နောက်ဆုံး....

တစ်နန်းတော်လုံးကို ရွှေချည်းပဲပေါ့လေ။

မိဖုရားကြီးမှာ အင်မတန်မှ ချစ်မြတ်နိုးတော်မူတဲ့ ကြောင်လေး တစ်ကောင်ရှိတယ်။

မင်းကြီးဟာ ကြောင်လေးကို တို့ထိချင်တဲ့ ဆန္ဒဖြစ်ပေါ်လာမိတယ်။

"သည်ကြောင်လေးကို ရွှေဖြစ်အောင် လုပ်ကြည့်လိုက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်တော်ရယ်၊ ကြောင်လေး သနားပါတယ်။ တခြားသက်မဲ့ ဖွေးသည်းတစ်ခုခုကိုသာ လက်နဲ့ထိပါ"

မိဖုရားကြီးက တောင်းပန်ပေမယ့်လည်း ဂရုမစိုက်တော့ဘူး။ ဆန္ဒကို မထိန်းနိုင်တာနဲ့ ကြောင်လေးကို လက်နဲ့တို့မိလိုက်ပါလေရော။

ကြောင်လေးလည်း ချက်ချင်းပဲ ရွှေရုပ်တုလေး ဖြစ်သွားခဲ့ရတာပေါ့။ မိဖုရားကြီးဟာ သူချစ်မြတ်နိုးတဲ့ ကြောင်လေးကို သက်မဲ့ ရွှေရုပ်တုလေးဖြစ်အောင် လုပ်မိခဲ့တဲ့ ဘုရင်ကြီးကို သိပ်ပြီး စိတ်ဆိုးသွားခဲ့တာပေါ့။ ကြောင်လေးအတွက်လည်း စိတ်မကောင်းဖြစ်သွားခဲ့ရတယ်။

မဆင်မခြင်တွေ လျှောက်လုပ်နေတဲ့ ဘုရင်ကြီးဟာ ဘယ်သူတွေ သတိပေးပေး ဂရုမစိုက်တော့ဘူး။ ထင်ရာတွေ လျှောက်လုပ်နေတော့တယ်။

တစ်နေ့မှာ....

မိဖုရားငယ်လေး မွေးထားတဲ့ သမီးတော်လေးဟာ နန်းတော်ဥယျာဉ်ထဲမှာ ဆော့ကစားနေတယ်။

ဘုရားကြီးဟာ သူ့ရဲ့ သမီးတော်လေးကို သိပ်ပြီးတော့ ချစ်မြတ်နိုးတော်မူသတဲ့။

ဘုရင်ကြီးလည်း နန်းတော်ဥယျာဉ်ထဲကို ဆင်းလာခိုက် သမီးတော်လေးဟာ ခမည်းတော်ကို မြင်မိတာနဲ့ ဆော့ကစားနေရာက ထပြေးသွားပြီး....





"ခမည်းတော်"

ဘုရင်ကြီးလည်း ရင်ခွင်ထဲ ပြေးဝင်လာခဲ့တဲ့ သမီးတော်လေးကို အမှတ်မထင် ပွေ့ဖက်မိလိုက်သတဲ့။

သမီးတော်လေးဟာ သူ့လက်နဲ့ထိတွေ့ပြီး ရွှေရုပ်တုလေး ဖြစ်သွားခဲ့ရတာပေါ့။

"ဟင်.... သမီးတော်လေး ရွှေရုပ်တုဖြစ်သွားပြီ"

ဘုရင်ကြီးလည်း သိပ်ပြီးတော့ အံ့ဩထိတ်လန့် သွားမိတယ်။ ယူကျုံးမရ ဖြစ်သွားခဲ့ရတယ်။

ဖြေမဆည်နိုင်တော့တဲ့အထိ ပူဆွေးသောက ရောက်သွားခဲ့ရတာပေါ့။

သူသိပ်ချစ်မြတ်နိုးတော်မူတဲ့ သမီးတော်လေးဟာ အသက်ဝိညာဉ်ကင်းမဲ့သွားပြီး စကားလည်း မပြောနိုင်တော့ဘူး။

နေ့နေ့ညည မအိပ်နိုင်၊ မစားနိုင်နဲ့ သမီးတော်လေးကိုသာ အနားမှာထားပြီး ကြည့်နေတော့တယ်။

ပူဆွေးသောကတွေ ရောက်နေရပြီး ဘယ်သူနဲ့မှလည်း အတွေ့မခံတော့ဘူး။

ညဉ့်သန်းခေါင်ယံ အချိန်လောက်မှာ သူနဲ့ စစ်တုရင် ကစားနေကျ ဆန္ဒနတ်သားဟာ ရောက်လာခဲ့တယ်။ မှိုင်တွေနေတဲ့ မင်းကြီးကို မြင်လိုက်ရတဲ့အခါ....

"မင်းကြီး မည်သည့်အကြောင်းကြောင့် မှိုင်တွေနေရပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆန္ဒနတ်သား ကျွန်ုပ်ကို ကယ်ပါဦး၊ သင့်စကားကို နားမထောင်ခဲ့လို့ အခု ဒုက္ခလှလှကြီး တွေ့နေရပါပြီ။ သမီးတော်လေးရဲ့ အဖြစ်ကိုသာ ကြည့်ပါတော့"

ဝမ်းနည်းကြေကွဲတဲ့ မျက်နှာနဲ့ ရွှေရုပ်တုလေးကို လက်ညှိုးနဲ့ ထိုးပြလိုက်တယ်။

နတ်သားလည်း ခေါင်းတညိတ်ညိတ်နဲ့ ရှိနေပြီး အဖြစ်အပျက်ကို ခန့်မှန်းသိသွားခဲ့တာပေါ့။

"မင်းကြီး သင်သည် ငါအတန်တန် သတိပေးလျက်နဲ့ မတောင့်တအပ်သည်ကို တောင့်တမိခဲ့သည်။ အခု ဒုက္ခလှလှကြီး တွေ့နေရပြီမဟုတ်ပါလား"

"နတ်သား ငါနောင်တရပါပြီ။ သည် ရွှေလက်တုံကို သင်ပြန်ယူပါတော့"

"မင်းကြီး လောက၌ ဆန္ဒရှိက ကောင်းသော သူသည် ကိုယ်နှင့် အပ်စပ်သည်၊ မအပ်စပ်သည်ကို ရှေးဦးစွာ စဉ်းစားရပေမည်။ ကျွန်ုပ်က ပေးသော်လည်း သင်နှင့် မအပ်စပ်က ကိုယ်ကျိုးနည်းတတ်လေသည်။

ဆိုပြီး ဆုံးမတယ်။

မင်းကြီးဆီက ရွှေလက်ဆုကို ပြန်ယူလိုက်တဲ့အခါ....

ရွှေလက်နဲ့ အတို့ခံရလို့ ရွှေသားအတိ ဖြစ်နေကြတဲ့ အရာမှန်သမျှ မူလအတိုင်း ပြန်ဖြစ်သွားခဲ့ကြတယ်။

မြိတ်စော



သမီးတော်လေးလည်း လူသားအတိုင်း ပြန်ပြီး ဖြစ်သွားသတဲ့။

ဘုရင်ကြီးဟာ အခုမှပဲ ပျော်ရွှင်ဝမ်းမြောက် သွားခဲ့တော့တယ်။

နောက်ကိုလည်း ကိုယ်နဲ့ မအပ်စပ်တဲ့ အလိုဆန္ဒမျိုးကို ဘယ်တော့မှ မတောင်းတော့ဘူးလို့ ဆုံးဖြတ်လိုက်တော့သတဲ့။

ညစဉ်ညတိုင်း....

ဆန္ဒနတ်သားနဲ့ စစ်ဘုရင် ကစားတဲ့အခါ....

အလိုဆန္ဒအကြောင်းကို စကားစပ်မိလို့တောင်....

မပြောတော့ဘူးတဲ့ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဝေဖြည့်ချောက်သွားသူ

ဟိုးရှေးရှေးတုန်းက ကိုသာဝဆိုတဲ့ လူတစ်ယောက်ရှိသတဲ့။ သူဟာ အလုပ်ကို မယ်မယ်ရရ မလုပ်ဘူး။

ရွာထဲလည်ပြီး ထန်းရည်သောက်ဖော် သောက်ဖက်တွေကို ရှာတယ်။ ထန်းတဲမှာ တစ်မနက်ကုန် တစ်နေ့ခန်းနေပြီး ထန်းရည်သောက်တယ်။

ကြက်တိုက်၊ နွားတိုက်တဲ့ ဒုစရိုက်အလုပ်တွေကို လုပ်တယ်။ မူးလာပြီဆိုရင် ဘယ်သူ့ကိုမဆို ခဲရေးတိုင်းထွာတတ်တယ်။ အလဇ္ဇီများ ထက်တယ်လို့ ခေါ်ရမှာပေါ့လေ။

ပါးစပ်စည်းကမ်း မရှိဘူးပေါ့။

ပိုဆိုးတာက သူဟာ အိမ်မှာ ရှာကျွေးနေတဲ့ မိခင်အိုကြီးကို နည်းနည်းလေးမှ ညှာတာလေ့ မရှိဘူး။

အရက်မူး၊ ထန်းရည်မူးလာရင်၊ ဟင်းကောင်း မချက်ရင် ဒေါသတကြီးနဲ့ အော်ငေါက်လေ့ရှိတယ်။

ပြီးပါပြီ



"တမိအေ ပါ တစ်လေလည်း ဟင်းကောင်းလေး ဘာလေးလည်း ချက်ပါဦးလား။ ခင်ဗျားကြီးက ကျွန်တော်အလုပ်မလုပ်လို့ အရွဲ့တိုက်ပြီး ဟင်းကောင်း မချက်တာလား"

"မဟုတ်ပါဘူး သားရယ်၊ အမေ ဈေးရောင်းမကောင်းလို့ သားကြိုက်တဲ့ အသားဟင်း ဝယ်မချက်တာပါ"

"သွားစမ်းပါဗျာ၊ ဒါမျိုးတွေ ခဏခဏ လာမပြောနဲ့၊ သာဝတို့က ရိုးနေပြီ"

အော်ကြီးဟစ်ကျယ်နဲ့ ပြောတယ်။ မိခင်အိုကြီးဟာ သာဝကြောင့် မျက်ရည်ခဏခဏ ကျရတယ်။

ရပ်ထဲရွာထဲကလည်း မိဘပစ်မှားတဲ့ သာဝကို ကြည့်မရကြဘူးပေါ့။ သာဝဟာ အားလုံးအပေါ်မှာ ရိုင်းစိုင်းတာတော့ အမှန်ပဲ။

တစ်နေ့ သာဝဟာ အပြင်ကနေ ထန်းရည်မူးပြီး ပြန်လာတယ်။ ထုံးစံအတိုင်း မိခင်အိုကြီးကို အပြစ်မရှိ အပြစ်ရှာ၊ ဆဲရေးတိုင်းထွာအပြီးမှာ မူးမူးနဲ့ အိပ်ပျော်သွားသတဲ့။

အိပ်ရာက နိုးလာတဲ့အချိန်မှာ သူ့ခေါင်းမှာ ယားယံသလိုဖြစ်နေမိတာနဲ့ စမ်းမိလိုက်တယ်။ အချွန်အတက်နှစ်ခုကို စမ်းမိကာယ်။ တော်တော်လေးတောင် ရှည်နေတယ်။

တင်ပါးမြီးညှောင့်ရိုးဆီကလည်း နေရတာ တစ်မျိုးကြီးမို့ စမ်းကြည့်လိုက်တာ ရှည်လျားလှတဲ့ အမြီးရှည်ကြီးတစ်ခုကို တွေ့လိုက်ရတယ်။

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ.... ငါဘယ်လိုဖြစ်ပါလိမ့်"

အလန့်တကြားနဲ့ အော်မိလိုက်တာ အသံကလည်း အကျယ်ကြီး ထွက်သွားတယ်။ အသံက လိုတာထက် ပိုပြီး ကျယ်သွားတဲ့အတွက် အံ့အားသင့်သွားမိတာ အမှန်ပဲ။

မသင်္ကာလို့ မှန်ကိုယူပြီး ကြည့်လိုက်တဲ့အခါ....

ခေါင်းမှာ ချိုနှစ်ချောင်း ပေါက်နေတယ်။

ပါးစပ်ကလည်း အကျယ်ကြီးပဲ ဖြစ်သွားတယ်။

"အောင်မလေးဗျာ"

အောင်မလေးဗျာလို့ အော်လိုက်တာနဲ့ ပါးစပ်ကျယ်ကြီးဟာပြဲထွက်သွားလိုက်တာ နားရွက်တွေကိုဆောင်တက်ပြီး ချိတ်တော့မတတ်ဘဲ။

"ငါ-လူဖြစ်ရှုံးပြီ၊ အောင်မလေးဗျ၊ ကယ်ကြပါဦး- အရပ်ကတို့ရဲ့"

လူစင်စစ်က ချိုပေါက်၊ ပါးစပ်ပြဲ၊ အမြီးထွက်နဲ့ တိရစ္ဆာန်တစ်ပိုင်း ဖြစ်သွားခဲ့တာ ထိတ်လန့်စရာပဲ မဟုတ်လား။

သာဝဟာ သူရဲ့ ပြောင်းလဲသွားတဲ့ အဖြစ်က မယုံနိုင်စရာမို့ သိပ်ပြီး ရှက်ကြောက်သွားမိတယ်။

အိမ်မှာလည်း မနေရဲတော့ဘူး။ ထွက်ပြေးသွားခဲ့ပါလေရော၊ တောထဲကို ရောက်သွားတယ်။

ဒါပေမယ့်....





တောထဲမှာ လူတစ်စုကို တွေ့လိုက်ရတယ်။ အဲသည့် လူတွေကသူ့လိုပဲ ချိုတွေပေါက်၊ လင်ကွင်းလောက်ကျယ်တဲ့ ပါးစပ်ကြီးနဲ့ အမြီးရှည်ကြီးတွေပါ ပေါက်နေကြတာ တွေ့လိုက်ရတယ်။

"ဟင့်.... ခင်ဗျားတို့လည်း ကျွန်တော့်လိုပါပဲလား၊ ဘယ်လိုဖြစ်ကြတာလဲ"

"မိဘကို စော်ကားမိလို့ အခုလို လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းဘဝနဲ့ လူတောထဲ မတိုးဝံ့အောင် ရောက်ခဲ့ရတာပါပဲကွာ၊ မင်းလည်းသည်အတိုင်းပဲ ဖြစ်ခဲ့တယ် မဟုတ်လား"

တစ်ယောက်က ပြန်ပြီး ဖြေတဲ့အခါ....

"ဟုတ်.... ဟုတ်ပါတယ်၊ ကျွန်-ကျွန်တော် အမေ့အပေါ်မှာ မကြာခဏဆိုးခဲ့၊ စော်ကားခဲ့မိပါတယ်"

သာဝစကား မဆက်မီမှာ....

အရပ်ကြီးတွေ ထောင်ထောင်မောင်းမောင်း၊

ခက်ထန်ကြမ်းကြုတ်တဲ့ မျက်နှာကြီးတွေနဲ့....

လူတစ်စု ရောက်လာခဲ့တယ်။

သူတို့ရဲ့ လက်ထဲမှာလည်း ခရင်းခွ မှိန်းတွေ၊ သံချွန်ကြီးတွေကို ကိုင်ထားကြတယ်။

အဲသည့်လူတွေဟာ ငရဲသားတွေပဲ ဖြစ်တယ်။

"ဟဲ့ကောင်တွေ ထကြ၊ နင်တို့ကို ငရဲပြည် ခေါ်သွားဖို့ အချိန်ပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ— ကျွန်တော်တို့ကို ငရဲပြည် ခေါ်သွားမလို့ ဟုတ်လား၊ အပြစ်များ ကျူးလွန်မိလို့လဲဗျာ"

သာဝတ မေးတဲ့အခါ....

"မင်း မိဘကို စော်ကားခဲ့လို့ပေါ့ကွ၊ မင်းတစ်ယောက်တည်း မဟုတ်ဘူး။ သည်ကောင်တွေ အားလုံးလည်း မိဘကို စော်ကားခဲ့ကြသူ တွေချည်းပဲ။ မင်းတို့ကို အပြစ်ကောင်းကောင်း ပေးရမယ်"

ငရဲသားကြီးတွေဟာ သူတို့အားလုံးကို ငရဲပြည်ခေါ် သွားကြတယ်။ ငရဲပြည်ကိုရောက်တော့ ငရဲမင်းကြီးက လိုအပ်သလို စစ်ဆေးပြီး....

"မိဘကို စော်ကားခဲ့ကြသူတွေအတွက် သင့်တော်တဲ့ အပြစ်ဒဏ်ကို ပေးစေ"

"ဟော့ကောင်တွေ လာခဲ့ကြ၊ မင်းတို့ကို အပြစ်ဒဏ် ပေးရမယ်လို့ အမိန့်ချလိုက်ပြီ"

အားလုံးကို ဆွဲခေါ်သွားခဲ့ကြတယ်။

"ကျွ—ကျွန်တော်တို့ကို ဘယ်လိုအပြစ်ပေးမှာလည်းဗျာ၊ ညှာညှာတာတာလည်း လုပ်ကြပါနော်"

သာဝက အထိတ်တလန့်နဲ့ ပြောလိုက်တဲ့အခါ....

"အေး....ဘယ်လိုအပြစ်ပေးမလည်းဆိုရင် မင်း တကိုယ်မွေးခဲ့တဲ့ အမေကို ဆဲရေးစော်ကားခဲ့တဲ့အတွက် ဟောသည် ပါးစပ်ကြီးကို သံချိတ်တွေနဲ့ ဆွဲချိတ်ပြီး ဆွဲဖြဲပစ်ရမယ်၊ ကဲ...."





"အောင်မလေးဗျာ"

"ဒါတင်မကသေးဘူး၊ ဟောသည် ချိုနှစ်ချောင်းကိုလည်း နောင်ကျဉ်အောင် ဆွဲနှုတ်ပစ်ရမယ်၊ ဟောသည်လို ဟောသည်လို...."

သာဝခေါင်းပေါ်က ချိုနှစ်ခေါင်းကို ပလာယာနဲ့ တအားဆွဲနှုတ်ပြလိုက်တဲ့အခါ....

"အောင်မလေးဗျ"

ပါးစပ်ကို သံချိတ်တွေနဲ့ ဆွဲထားလိုက်တဲ့အတွက် အော်သံကငယ်သံပါပေမယ့် ပီပီသသ ထွက်မလာတော့ဘူး။

အောင်မယ်ရေးဗျလို့ ဖြစ်နေတော့တယ်။

သည်အထဲ ငရဲသားကြီး တစ်ယောက်ကလည်း သာဝရဲ့ အမြီးကို အားကုန်ဆွဲနှုတ်နေတဲ့အတွက် ...

"သေပါပြီဗျာ၊ သေပါပြီ၊ နောက်ဆို အမေ့ကို မစော်ကားတော့ပါဘူးဗျ"

အသည်းခိုက်အောင် နာလွန်းလို့ အလူးအလဲပဲ ခံစားနေရတယ်။

"ဘာ အခုမှ နောင်တရစကား ပြောနေတာလဲ၊ မရတော့ဘူး။ အချိန်က လွန်သွားပြီ၊ ငရဲပြည်မှာ မင်း အကြာကြီး နေရလိမ့်မယ်"

"အမလေးဗျာ အကြာကြီး နေရဦးမယ်၊ ဟုတ်လား အမေရဲ့ သားတော့ မှားပါပြီ၊ ကျွန်တော့်ကို ကယ်ပါဦး အမေ၊ ကယ်ပါဦး"

"ဟဲ့.... သား သား ဘာဖြစ်နေတာလဲ၊ အမေ အနားမှာ ရှိနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အမေ့အသံကြားမှ သာဝ အိပ်ပျော်နေရာက လန့်နိုးသွားတယ်။

"လက်စသတ်တော့ ငါအိပ်မက်မက်နေတာပါလား၊ ကံကောင်းလို့ ငါသာ တကယ်သေသွားခဲ့ရင် အမှန်ပဲ ငရဲကျနေပြီ၊ ဒါ-ငါ့ကို တိုက်ပြီး သတိပေးတာပဲ ဖြစ်ရမယ်"

သာဝလည်း ဇောချွေးတွေ ပြန်နေတယ်။ အိပ်မက်ဆိုးအကြောင်း မိခင်ကို ရှင်းပြလိုက်တယ်။

"သား နောက်ကို အမေ့ကို မစော်ကားတော့ပါဘူး၊ သား စော်ကားမိခဲ့သမျှ ခွင့်လွှတ်ပါ၊ သည်ကနေ့ကစပြီး အမေ အေးအေးချမ်းချမ်းပဲ နေပါတော့။ သား အမေ့ကို လုပ်ကိုင်ရှာကျွေးပါတော့မယ်"

ဆိုပြီး မိခင်ကို ကန်တော့ရှာတယ်။

မိခင်ကြီးကလည်း နောင်တရသွားတဲ့ သားကို မျက်ရည်လေးစမ်းစမ်းနဲ့ ပီတိဖြစ်ပြီး သာဓုခေါ်ရှာတယ်။

"သာဓု-သာဓု-သာဓု၊ ငါ့သား သူတော်ကောင်းကြီးကို မိမေ အပြစ်မှန်သမျှ အားလုံး ခွင့်လွှတ်ပါတယ်ကွယ်"

အိပ်မက်ထဲမှာ ငရဲပြည်ကို ရောက်သွားတဲ့အခါ....

ငရဲမီးရဲ့ အပူရှိန်ဟာ ဘယ်အပူနဲ့မှ မတူဘူးဆိုတာ သာဝခံစားသိရှိခဲ့ရတယ်။

အဲသည့်နေ့ကစပြီး....

သာဝဟာ နောင်တအကြီးအကျယ်ရသွားပြီး မကောင်းမှုမှန်သမျှ ဘာမှ မလုပ်တော့ဘူး။





မိခင်အိုကြီးကိုလည်း သေသည်အထိ လုပ်ကိုင်ကျွေးမွေးသွားခဲ့တယ်။

မိခင်ကြီး ကွယ်လွန်သွားတဲ့အခါ ....

သူလည်း ရဟန်းပြုပြီး ....

သာသနာ့ဘောင်ကို ဝင်သွားသတဲ့ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

ဟိုးရှေးရှေးတုန်းက တောကြီးတစ်တောမှာ သမင်လေးတစ်ကောင် ရှိတယ်။

သမင်လေးဟာ ညီအစ်ကို မောင်နှမအရင်းအချာ မရှိဘဲ တစ်ကောင်တည်း ဖြစ်နေတဲ့အတွက် အဖော်ကို တောင့်တနေမိသတဲ့၊

"ငါ့မှာ ညီအစ်ကို တစ်ဦးလောက်ရှိရင် သိပ်ကောင်းမှာပဲ၊ ချစ်စရာကောင်းတဲ့ ညီအစ်ကိုမျိုးဆိုရင် မခွဲမခွာ၊ သွားအတူ လာအတူ စားအတူ နေချင်တယ်"

မိခင် သမင်မကြီးကတော့ သူ့သားမှာ တိုင်ပင်ဖော် တိုင်ပင်ဖက်၊ ကစားဖော် ကစားဖက် မရှိလို့ သနားနေမိသတဲ့။

"မေမေ သားလေးအတွက် ညီလေးတစ်ကောင် မွေးပေးပါမယ်ကွယ်"





"ကျွန်တော် မစောင့်နိုင်ဘူး မေမေ၊ အခုပဲ ကျွန်တော်နဲ့ မျိုးတူ အဖော်ကို သွားရှာမယ်"

ဆိုပြီး ထွက်သွားသတဲ့။

"လမ်းမှာ ယုန်လေးတစ်ကောင်နဲ့ တွေ့တယ်။

"ဟော့.... ကိုသမင်လေး မင်းဘယ်ကို သွားမလို့လဲ"

"ငါနဲ့ မျိုးတူ သမင်တွေဆီကို သွားမလို့ကွ။ ငါ့မှာ ကစားစရာအဖော် မရှိဘူး"

"ဒါများကွာ အဝေးကြီး သွားဖို့ မလိုပါဘူး သမင်လေးရာ၊ မင်းနဲ့ သွားအတူ၊ လာအတူ မခွဲမခွာပါနေမယ့် မျိုးတူသမင်လေး တစ်ကောင်ရရစေမယ်"

"မင်း တကယ်ပြောတာလားကွ"

"တကယ်ပေါ့ကွ၊ လာ ငါနဲ့လိုက်ခဲ့"

သမင်လေးလည်း ယုန်လေးရဲ့ နောက်ကိုလိုက်သွားတယ်။ မကြာခင်မှာ သစ်ပင်ကြီးတစ်ပင်ဆီကို ရောက်သွားတယ်။

သစ်ခေါင်းပေါက်တစ်ခုကလည်း ခပ်ကျဉ်းကျဉ်းလေး ဖြစ်နေတယ်။

"မင်းအထဲကိုဝင်သွား ဘာတွေတွေ့ရမလဲဆိုတာတော့ ငါမပြောဘူး ဒါပေမယ့် ထူးဆန်းတာတစ်ခုတော့ တွေ့ရလိမ့်မယ်။ မင်းရဲ့ ဆန္ဒလည်းပြည့်ဝလိမ့်မယ်"

သစ်ခေါင်းပေါက်လေးဟာ ကျဉ်းပေမယ့် သူတိုးဝင်လိုက်တော့ လွယ်လွယ်ကူကူပဲ အထဲကိုရောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ ကျဉ်းပေမယ့် အထဲမှာအကျယ်ကြီး ဖြစ်နေတာကို တွေ့ရတယ်။

စကားမပြောတဲ့ လူပုလေးတစ်ဦးဟာ တစ်နေရာကို လက်ညှိုးထိုးပြတယ်။

သမင်လေးလည်းနံရံမှာကပ်ထားတဲ့ ပစ္စည်းတစ်ခုကို သွားကြည့်လိုက်တဲ့အခါမှာ ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်ကိုတွေ့လိုက်ရတယ်။

မှန်ထဲမှာ သူ့ရုပ်သွင်ကိုမြင်လိုက်ရတာနဲ့ တပြိုင်နက် ထူးခြားမှုတွေ ဖြစ်ပေါ်လာတယ်။

သမင်လေးရဲ့ခန္ဓာကိုယ်မှာ သူနဲ့သိပ်တူတဲ့သမင်လေးတစ်ကောင်ဟာ ကိုယ်ချင်းဆက်ပြီးပေါ်ပေါက်လာတယ်။ သူ့ရဲ့ခန္ဓာကိုယ်နဲ့ တစ်သားတည်းဖြစ်နေတယ်။

ခေါင်းနှစ်လုံးနဲ့ ကိုယ်တစ်လုံးဆိုပါတော့....

"ဟာ သိပ်ပြီးဟန်ကျပါလား ငါ့ကိုယ်ပွားတစ်ခုတော့ရပြီ...."

သမင်လေးလည်းသိပ်ကိုဝမ်းသာသွားတယ်။

စကားမပြောတဲ့ လူပုလေးကိုတောင် နှုတ်မဆက်နိုင်တော့ဘဲ ဝမ်းသာအားရနဲ့ သစ်ခေါင်းထဲကပြေးထွက်သွားခဲ့တယ်။

အပြင်ကိုရောက်တော့ ယုန်လေးကိုလည်း မတွေ့ရတော့ဘူး။

"အတော်ပဲငါလည်း တစ်ကောင်တည်းနေရတာ ပျင်းနေလို့ မှော်ကြေးမုံရဲ့တန်ခိုးကြောင့် မင်းဟာငါ့ရဲ့ကိုယ်ပွားဖြစ်လာခဲ့တာပဲ။ လာကွာ ငါတို့စမ်းချောင်းထဲမှာ သွားကစားကြရအောင်"





ကိုယ်ပွားသမင်က ဘာပြန်ပြောသလည်းဆိုရင်....

"စမ်းချောင်းထဲမှာ မဆော့ဘူးကွာ ဟိုတောင်ကုန်းလေးပေါ် သွားဆော့မယ်"

"လာပါကွာ စမ်းချောင်းထဲမှာ ကစားရတာ ပျော်စရာကောင်းပါတယ်"

"မသွားဘူးကွာ ငါဆော့ချင်တဲ့နေရာမှာပဲဆော့မယ်"

ကိုယ်ပွားသမင်ရဲ့ ဂျစ်ကန်ကန်နိုင်မှုကြောင့် စိတ်ညစ်သွားခဲ့ရတာရပေါ့။ သူ့အကြိုက်ကိုလိုက်ပြီး တောင်ကုန်းလေးပေါ်မှာ သွားဆော့ရတယ်။

ကစားတာကြာတော့ မောပန်းလာခဲ့တယ်။

သမင်လေးက

"သစ်ပင်အောက်မှာ တစ်ရေးတစ်မော အိပ်ကြရအောင်ဟေ့"

"မအိပ်ချင်သေးဘူးကွာ ဆက်ကစားဦးမယ်"

"မင်းကစားချင်ပေမယ့် ငါကတော့ အိပ်ချင်နေပြီကွ"

"ငါမှမအိပ်ချင်တာ မင်းဖာသာမင်း သွားအိပ်"

"ငါသွားအိပ်ရင် မင်းပါလိုက်ခဲ့ရမှာပေါ့ကွ"

"မလိုက်ဘူးကွာ မင်းဖာသာသွား"

စကားများကြတယ် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ ရန်ဖြစ်ကြတယ်။

သမင်လေးလည်း အတော်လေးကိုစိတ်ညစ်လာခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ....

သူတို့သွားမယ့်လမ်းမှာ ဇီးဖြူသီးပင်တစ်ပင်ကိုတွေ့တယ်၊ ဇီးဖြူသီးတွေဟာ အပင်အောက်ကိုကြွေကျနေကြတယ်။

သမင်လေးက သိပ်ကိုဝမ်းသာသွားခဲ့တယ်။

“လာဟေ့ ဇီးဖြူသီးတွေ သွားစားကြရအောင်”

“မစားချင်ဘူး ငါမကြိုက်ဘူး”

ကိုယ်ပွားသမင်းလေးကငြင်းတယ်။

“မင်းမကြိုက်ပေမယ့် ငါတော့ကြိုက်တယ် မင်းမစားချင်ရင်လည်းမစားနဲ့ ငါနဲ့လိုက်ခဲ့ပေါ့ ငါကတော့စားချင်နေတယ်”

“ခြေထောက်ညောင်းလာတယ်ကွ မသွားချင်ဘူး ဟိုသစ်ပင်အောက်မှာ သွားအိပ်မယ်”

ကိုယ်ပွားသမင်းလေးက ငြင်းဆန်တယ်။

“မင်းသည်လိုဂျစ်ကန်ကန် မလုပ်နဲ့ကွာ တိုင်တိုင်ပင်ပင်လုပ်ကိုင်း မင်းကလက်မခံဘူး”

“ဟ မင်းစိတ်နဲ့ငါ့စိတ်တူမလားကွ ငါလက်ခံချင်မှ လက်ခံမှာပေါ့ မင်းရဲ့အလိုကို ငါလုံးဝမလိုက်နိုင်ဘူး”

“မင်းလိုက်ခဲ့ရမယ်ကွာ”

“မလိုက်ဘူးကွာ”

တစ်ကောင်နဲ့တစ်ကောင် ခိုက်ရန်ဒေါသဖြစ်ကြတယ်။

ချိုချင်းခတ်ကြတယ်။





နှစ်ကောင်စလုံးဒဏ်ရာတွေ ရကုန်ကြတယ်။

ရန်ဖြစ်လိုက်လို့ ကိုယ်ပွားသမင်လေးလည်း သစ်ပင်အောက်မှာ အုန်းခနဲဆို လှဲချပြီးအိပ်ပျော်သွားတယ်။

သမင်လေးဟာ သူ့အလိုကို မလိုက်ဘဲစိတ်ညစ်နေတယ်။

“ငါတော့မှားပြီ သည်ကောင်ဟာ ငါ့ကိုယ်ထဲရောက်နေပြီ ငါ့စိတ်မျိုးလည်းမဟုတ်ပါလား ငါဆန္ဒကိုလည်းသူမလိုက်နိုင် စိတ်တူကိုယ်တူလည်း ဖြစ်မလာပါလား။ ဒုက္ခပဲ သည်ကောင့်ကို ငါ မလိုချင်တော့ဘူး။ ဘယ်လိုခွာထုတ်ရပါ့မလဲ”

သမင်လေးလည်းစိတ်ပျက်ပြီးငိုနေမိတယ်။

သူငိုနေတဲ့နေရာက....

စောစောက သူဝင်ခဲ့တဲ့သစ်ခေါင်းကြီးနဲ့ မနီးမဝေးမှာဖြစ်တယ်။

သူ့ရဲ့ငိုသံကို သစ်ခေါင်းထဲက လူပုလေးက ကြားသွားပြီး အပြင်ကိုထွက်လာဟယ်။

“ဟေ့သမင်လေး မင်းရဲ့ ဆန္ဒပြည့်ဝသွားလို့ ပျော်ရွှင်မှုတွေရနေပြီလို့ထင်တာ အခုဘာဖြစ်လို့ငိုနေရတာလဲကွ”

“သူ့ကြောင့် ကျွန်တော်မပျော်နိုင်လို့ ငိုနေရတာပေါ့ဗျာ ခင်ဗျားတတ်နိုင်ရင် သူ့ကိုကျွန်တော့်ကိုယ်ထဲက မြန်မြန်ဆွဲထုတ်ပေးစမ်းပါ။ ရှစ်ကြီးခိုးပါရဲ့၊ သူဟာကျွန်တော်နဲ့ စိတ်တူကိုယ်တူ မဟုတ်ဘူးဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်.... ကျွတ်.... ဖြစ်မှဖြစ်ရလေကွာ မိတ်ဆွေသူငယ်ချင်း မဆိုထားနဲ့ တစ်မိသားစု ညီအစ်ကို မောင်နှမတွေတောင် စိတ်ထား အမျိုးမျိုး ရှိနေကြတာ"

"အခုကျွန်တော်နားလည်ပါပြီဗျာ၊ ကျွန်တော်အဖော်လည်း မရှာချင်တော့ပါဘူး၊ သူ့အိပ်ရာကမနိုးမီ မြန်မြန်ဖယ်ထုတ်ပေးစမ်းပါ"

"ကောင်းပြီလေ မင်းစိတ်ဆင်းရဲနေတာကို ငါမကြည့်ရက်ပါဘူး ကူညီရမှာပေါ့။

လူပုလေးဟာ သဘော်ရိုးကနေ ဆပ်ပြာပူဖေါင်းလေးကို မှုတ်တင်လိုက်တယ်၊ ပူဖေါင်းလေးဟာ လေထဲလွင့်တတ်သွားပြီးကိုယ် ပွားသမင်ရဲ့ မျက်နှာပေါ်ကိုသွားပြီး ကျလိုက်တာနဲ့ ဖောက်ခနဲဆို ပေါက်သွားပါလေရော။

ပူဖေါင်းလေးပေါက်သွားတာနဲ့ တစ်ပြိုင်နက် ကိုယ်ပွားသမင် လေးလည်း ပျောက်သွားသတဲ့။

"ဟာ.... ကျေးဇူးတင်လိုက်တာဗျာ၊ လွတ်ပြီ ကျွတ်ပြီပေါ့ သွားတော့မယ်ဗျို့၊ တာ့တာ"

သမင်လေးလည်းခုန်ပေါက်မြူးတူးပြီး ထွက်ပြေးသွားတယ်၊လူ ပုလေးဟာ ဟားတိုက်ရယ်ပြီးတော့ ကျန်ရစ်ခဲ့လေသတဲ့ကွယ်။

☐



## ကမ္ဘာဆေးမိုး

ဟိုးရှေးရှေးတုန်းက ပင်လယ်သမုဒ္ဒရာထဲမှာ ကျက်စားနေတဲ့ ဝေလငါးကြီးတစ်ကောင်ရှိတယ်။

အဲ့သည့်ဝေလငါးကြီးဟာ ပင်လယ်ထဲကနေ ရေကြောင်းမှား လာပြီးတော့ မြစ်တစ်မြစ်ထဲကိုရောက်လာတယ်။

ရေကျသွားတဲ့အခါ ပါမသွားဘဲ သောင်ပေါ်မှာတင်ပြီး ကျန် ရစ်ခဲ့တယ်။

အနီးအနားရွာတွေက လူတစ်ချို့ဟာ ငါးကြီးကိုသတ်ဖြတ်ပြီး အသားကိုခွဲဝေယူကြမယ်လို့ ကြံစည်ကြတဲ့အခါ

"ကျွန်ုပ်ကိုမသတ်ပါနဲ့၊ သင်တို့ အခက်အခဲရှိတဲ့အခါ အကူ အညီပေးပါမယ်"

လို့ဝေလငါးကြီးက တောင်းပန်ရှာတယ်။

ရွာလူကြီးတစ်ယောက်ကလည်း ဝင်ပြီးတော့တားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သနားပါတယ်ကွာ၊ သူ့ကိုရန်မပြုကြပါနဲ့၊ အသက်တစ်ချောင်းလည်း ကယ်ကောင်းပါတယ်၊ သူ့ကိုပြစ်တဲ့နည်းနဲ့ ပင်လယ်ထဲ ရောက်အောင်ပြန်လွှတ်ပေးလိုက်ကြရအောင်"

ရှေးတုန်းကလူတွေဟာ တိရစ္ဆာန်တွေပြောတဲ့ မာဂဓစကားကို နားလည်ကြတယ်။

ဝေလငါးကြီးလည်း သူတို့ကို သိပ်ပြီးကျေးဇူးတင်သွားခဲ့တာပေါ့။

သူ့ကို ပင်လယ်ထဲပြန်ရောက်ဖို့အတွက် သံကြိုးကြီးတွေနဲ့ အထပ်ထပ်ချည်နှောင်ရတယ်။

လှေ၊ သမ္ဗာန်ကြီးတွေရာနဲ့ချီပြီးသုံးရတယ်။

ဒီရေတက်လာတဲ့အချိန်မှာ ဝေလငါးကြီးကို လှေ၊ သမ္ဗာန်တွေနဲ့ ရေထဲဆွဲချသွားကြတယ်။

သောင်ပေါ်ကနေ လွယ်လွယ်ကူကူတော့ကျမသွားဘူး၊ တဖြည်းဖြည်းနဲ့ ရေနက်ထဲကိုကျသွားတယ်။

ဝေလငါးကြီးဟာ ဘယ်လောက်ကြီးသလည်းဆိုရင် တောင်တစ်တောင်လောက်ကို အရွယ်ရှိတယ်။

သူ့ရဲ့ပါးစပ်ကြီးကို ဟထားလိုက်ရင် ကျီးကန်းတစ်ကောင်ဟာ ပါးစပ်ဟိုဘက်ကနေ သည်ဘက်အထိဆယ်ရက်ပျံသန်းမှ ရောက်သတဲ့။

မျက်လုံးကြီး တစ်လုံးတစ်လုံးကလည်း သပိတ်လောက်ကို ကြီးမားသတဲ့။





ဝေလငါးကြီးဟာ တဖြည်းတဖြည်းနဲ့ ပင်လယ်ထဲကို ရောက်သွားခဲ့တယ်။

ရေနက်ထဲကိုရောက်သွားခဲ့တဲ့အတွက် သိပ်ကိုပျော်ရွှင်သွားခဲ့တာပေါ့။

မကြာခင်မှာပဲ သူတို့ကိုနှုတ်ဆက်ပြီး ထွက်သွားခဲ့လေသတဲ့။

ရွာသူရွာသားတွေဟာ ကိုယ့်ရွာကိုယ် ပြန်လာခဲ့ကြတာပေါ့။

လအတန်ကြာတဲ့အခါမှာ ရာသီဥတုဟာ ဖောက်ပြန်လာခဲ့တယ်၊ မိုးတွေတစ်အားရွာပြီး ရေတွေကြီးလာခဲ့လို့ တစ်ချို့ရွာတွေမှာ ရေတွေမြုပ်ကုန်တယ်။

ခုနစ်ရက်ခုနစ်လီ ရွာတဲ့မိုးကြောင့် ပင်လယ်ထဲကရေတွေဟာ မြစ်တွေ၊ ချောင်းတွေထဲကို တစ်ဟုန်ထိုးစီးဝင်လာခဲ့ကြတယ်။

အဲသည့်အချိန်မှာ မုန်တိုင်းကလည်း မွှေလိုက်လို့ လူတွေ အိုးပျက်အိမ်ပျက် ဖြစ်ကုန်ကြတယ်။

သူတို့ရဲ့ရွာကို ရေတွေကဝိုင်းပြီး ဘယ်ကိုမှလည်း ပြေးလို့မလွတ်ကြတော့ဘူး။

ပင်လယ်ထဲကလှိုင်းလုံးကြီးတွေလည်း တက်လာခဲ့ကြလို့ သူတို့ရဲ့ ရွာလေးကို ရေလွှမ်းတော့မယ်။ ကမ္ဘာဆေးမိုးကြီး စပြီးရွာပြီဖြစ်တယ်။

ရွာသူရွာသားတွေဟာ အထိတ်တလန့်ခံစားမိကြ ကုန်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသည့်အချိန်မှာ ပင်လယ်ထဲက ဝေလငါးကြီးဟာ သူတို့ဆီကို မမျှော်လင့်ဘဲ ရောက်လာခဲ့ပါလေရော။

"သင်တို့မကြာခင်မှာ မုန်တိုင်းနဲ့အတူပါပြီး ရေထဲနစ်မြုပ်သေဆုံးရတော့မယ်၊ ရေဘေးလေဘေးက လွတ်ကင်းအောင် ကျွန်ုပ်ရဲ့ ပါးစပ်ထဲကို မြန်မြန်ဝင်ကြပါ"

ဝေလငါးကြီးဟာ တစ်ခါတုန်းက ရွာသူရွာသားတွေကယ်တင်လိုက်တဲ့ ငါးကြီးဖြစ်နေတယ်၊ ကတိပေးထားတဲ့အတိုင်း ရွာသူရွာသားတွေ ဒုက္ခရောက်နေစဉ်မှာ လာရောက်ကယ်ဆယ်တာပဲဖြစ်တယ်။

ရွာသူရွာသားတွေလည်း ငါးကြီးရဲ့ပါးစပ်ထဲကို တစ်ယောက်ပြီး တစ်ယောက် ဝင်ကုန်ကြတယ်၊ ကျွဲတွေ၊ နွားတွေ၊ ခွေးတွေ၊ ကြောင်တွေကိုတောင် ခေါ်ခဲ့ကြသေးသတဲ့။

ငါးကြီးရဲ့ ပါးစပ်ကြီးဟာ ဘယ်လောက်အထိ ကြီးမားကျယ်ပြန့်သွားသလဲဆိုရင် တစ်ရွာလုံးက လူတွေအားလုံး အကုန်လုံး ဝင်နေလို့ရအောင် ဆံ့သွားတယ်ဆိုပဲ။

မကြာခင်မှာ မုန်တိုင်းအကြီးအကျယ် ကျလာပါတော့တယ်၊ လှိုင်းလေတွေလည်း တောင်ကြီးလောက်အထိ လွန့်လူးမြင့်မားလာခဲ့တယ်။

ဝေလငါးကြီးဟာ သူ့ပါးစပ်ကိုပိတ်လိုက်ပြီး ရေထဲကို ငုတ်လျှိုးသွားပါလေရော။





အပြင်မှာ ဘယ်လောက်ပဲသဘာဝက ခက်ထန်ကြမ်းတမ်းနေပစေ၊ ငါးကြီးရဲ့ကိုယ်ထဲမှာ ရောက်နေကြသူတွေကတော့ အေးအေးဆေးဆေးပါပဲ၊ ဒုက္ခဘေးက ကင်းဝေးနေခဲ့ကြရပြီး အထဲမှာပဲ ရွာတည်ပြီးနေကြတယ်။

အစားအသောက်အတွက်ကတော့ ဝေလငါးကြီး မျိုချလိုက်တဲ့ ငါးတွေကို ချက်ပြုတ်စားသောက်ကြသတဲ့။

အပြင်မှာ မုန်တိုင်းက ကြမ်းတမ်းစွာကျရောက်နေတယ် လှိုင်းလေတွေကလည်း ခက်ထန်နေတယ်။

လှိုင်းလုံးကြီးတွေဟာ တောင်ကြီးတွေကိုတောင် ဖုံးလွှမ်းသွားခဲ့ကြတယ်။

စိတ်ထားမကောင်းကြသူတွေကတော့ ကမ္ဘာဆေးတဲ့အထဲမှာ ပါသွားခဲ့ကြပြီး သေဆုံးသွားကုန်ကြတယ်။

ဝေလငါးကြီးရဲ့ ဗိုက်ထဲမှာ ရောက်နေကြသူတွေကတော့ အသက်ရှင်ပြီး ချမ်းသာရာ ရကြတယ်။

သူတို့တွေဟာ စိတ်ကောင်းရှိသူတွေပဲဖြစ်ကြတယ်။

ကမ္ဘာဆေးမိုးကြီးရွာသွန်းခဲ့တာ သုံးနှစ် သုံးမိုးတောင် ကြာသွားခဲ့တယ်၊ သုံးနှစ်ပြည့်မှ အားလုံးငြိမ်သက်သွားတယ်။

ကမ္ဘာကြီးဟာ လှပတဲ့ တောတောင်ရေမြေ သဘာဝနဲ့ အသစ်ဖြစ်လာတယ်။

ဝေလငါးကြီးလည်း သူတို့ကို စားကျက်မြေကောင်းကောင်းမှာ ချပေးလိုက်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးရဲ့ ပါးစပ်ထဲက ထွက်လာကြတဲ့သူတွေဟာ လူဦးရေ တောင် ပိုပြီးတိုးလာခဲ့ကြတယ်၊ ဘာဖြစ်လို့လည်းဆိုတော့

ကမ္ဘာဆေးမိုးကြီးကို စောင့်ဆိုင်းနေရလို့၊ အချို့ဟာ အထဲမှာပဲ အိမ်ထောင်ကျကုန်ကြတယ်။ သားသမီးရတနာတွေ မွေးဖွားကုန်ကြ တယ်။

တိရစ္ဆာန်ဦးရေတွေတောင် တိုးပွားလာခဲ့ကြသတဲ့။

"လူသစ်စိတ်သစ်နဲ့ ကမ္ဘာသစ်မှာ ခင်ဗျားတို့ပျော်ပျော်ကြီး နေခဲ့ကြပါ"

ဝေလငါးကြီးဟာ သူတို့ကို နှုတ်ဆက်ပြီး အပြီးအပိုင် ထွက်ခွာသွားခဲ့သတဲ့ကွယ်။ ။

❑



## စကားပြောတဲ့ကျောက်ဂူကြီး

ဟိုးရှေးရှေးတုန်းက ရွာလေးတစ်ရွာမှာ ဖြူဖွေးဆိုတဲ့ကောင်လေး တစ်ယောက်ရှိသတဲ့။

သူဟာ အင်မတန်မှ စိတ်ကောင်းရှိတဲ့ ကလေးတစ်ယောက် ဖြစ်တယ်။ သူ့ရဲ့ကိုယ်ကျိုးကိုစွန့်ပြီး တစ်ဖက်သား ကိုလည်း ကူညီ တတ်သတဲ့။

ဒါပေမယ့် သူက အင်မတန်မှဆင်းရဲတယ်၊ မိဘလဲမရှိဘူး၊ တစ်ကောင်ကြွက်ဘဝနဲ့ နေနေရတယ်။

သူ့ကိုအမြဲတမ်းအနိုင်ကျင့်နေတဲ့သူကတော့ တစ်ရွာတည်းသား တာတေဆိုတဲ့ သူပဲဖြစ်တယ်။

ဖြူဖွေးဟာ တာတေကို ပြန်မလုပ်ရဲလို့ မဟုတ်ဘူး၊ သတ္တိတော့ အပြည့်ရှိတယ်။ ဒါပေမယ့်တာတေဟာ ဆိုးတေမိုက်ကန်းနေတဲ့သူ တစ်ရွာလုံးရဲ့ အောကြောလန်ဖြစ်တယ်။ သူ့လိုလူမျိုးနဲ့ ဖက်ပြီးဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပဲသိက္ခာကျမယ်မဟုတ်လား။ ဒါကြောင့် အတက်နိုင်ဆုံး သည်းခံပြီး နေ့နေ့ရတာပေါ့။

တစ်ရွာလုံးကလည်း ဖြူဖွေးကို စေတနာထားကြတယ်။

ဒါကို တာတေက မနာလိုဘူး။

"မင်းလိုကောင်မျိုးက အိမ်တကာလှည့်ပြီးတော့ ကျွန်လိုလုပ်တောင်းစားနေရတာကတော့ လွန်တယ်ကွာ၊ ရွံဖို့လည်းကောင်းတယ်"

"ငါ့ဘဝနဲ့ ငါပေါ့ကွာ၊ ရွံရင်လဲ မင်းငါ့ကို မခေါ်မပြောပဲနေပေါ့"

ဖြူဖွေးကတော့ အမြဲတမ်းလိုလို ခပ်အေးအေးပဲပြန်ပြီးပြောသတဲ့

တာတေဟာ ဖြူဖွေးရလာခဲ့တဲ့ လုပ်အားခတွေကိုလည်း မတရား တောင်းတတ်သတဲ့။

ဘုရား၊ ကျောင်း၊ ကန် တွေမှာ လူတွေက အလှူဒါနပြုကြတယ်၊ ဖြူဖွေလည်း အဲသလိုလှူချင်တယ်။ လှူစရာငွေမရှိတော့ ဘုန်းတော်ကြီးကျောင်းတွေဆီကိုသွားပြီး တံမြက်စည်းလှည်း၊ ရေခပ်၊ သံဃာတော်တွေရဲ့ ဝေယျာဝစ္စတွေကို အလှူဒါနသဘောမျိုးနဲ့ လုပ်ကိုင်ပေးတယ်။

တစ်ညမှာ ဖြူဖွေးဟာ သူ့ရဲ့တဲလေးမှာ တစ်ယောက်တည်း အိပ်နေတုန်း အိမ်မက်တစ်ခုမြင်မက်တယ်။

အိမ်မက်ထဲမှာ ကျောက်ဂူကြီးတစ်ခုဟာ အရောင် ပြိုးပြိုးပြက်ပြက်နဲ့ လင်းလက်နေတယ်။

ဖြူဖွေးကလည်း ဂူကြီးနဲ့ မလှမ်းမကမ်းမှာ ရောက်နေတယ်။

ကျောက်ဂူကြီးဆီက စကားပြောသံ ထွက်ပေါ်လာထယ်။





"ဖြူဖွေး လူလေး ငါ့ဆီကိုလာခဲ့စမ်း"

"ဖြူဖွေးလည်း ကျောက်ဂူကြီးဆီကို သွားမလို မသွားချင်သလိုနဲ့ စဉ်းစားနေဆဲမှာ အိပ်ရာက နိုးသွားခဲ့သတဲ့။

"အိမ်မက်က သိပ်ပြီးထူးဆန်းနေပါလား၊ ဒီလိုစကားပြောတတ်တဲ့ ကျောက်ဂူမျိုး အပြင်မှာတကယ်ရှိမယ် မထင်ပါဘူးလေ"

နောက်တစ်နေ့မှာ ဖြူဖွေးဟာ အလုပ်မလုပ်နိုင်တဲ့ အဖိုးအိုအဖွားအို လင်မယားအတွက် ထင်းခုတ်ပေးဖို့ တောထဲကို ထွက်လာခဲ့တယ်။

ခါတိုင်း သည်လမ်းဟာ သူသွားနေကျ လမ်းပဲဖြစ်တယ်။

အခုတော့ ဘယ်လိုကဘယ်လို မျက်စိလည်သွားသလဲမသိဘူး။ တောထဲမှာ ချာချာလည်နေတယ်။

"ဖြူဖွေး လူလေး ငါ့ဆီကိုလာခဲ့စမ်း"

အသံတစ်သံကို မမျှော်လင့်ပဲကြားလိုက်ရတယ်။

ညက မက်တဲ့ အိမ်မက်ထဲမှာ ကြားလိုက်ရတဲ့ အသံမျိုးပဲဖြစ်တယ်။

အသံလာရာဆီကို လျှောက်သွားတဲ့အခါ စိန်မှုံတွေ ပက်ကြဲထားသလို ပြိုးပြိုးပြက်ပြက်နဲ့ လင်းလက်နေတဲ့ ကျောက်ဂူကြီးတစ်လုံးကို တွေ့လိုက်ရတယ်။

ဂူတံခါးကြီးဟာ ပိတ်နေတယ်။

"ဖြူဖွေး လက်ခုပ်သုံးကြိမ်တီးပြီး သာခုသုံးကြိမ်ခေါ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူကြီးက ပြောလိုက်တဲ့အခါ

ဖြူဖွေးလည်း လက်ခုပ်သုံးခါ တီးလိုက်ပြီး သာမုသုံးခါ ခေါ်လိုက်သတဲ့၊ သာမုခေါ်သံကြောင့် ဂူတံခါးကြီးဟာ အလိုလိုပွင့်သွားတယ်။

"မင်းအထဲကိုဝင် ဘာမှမကြောက်နဲ့"

ဂူကြီးက ဝင်ခွင့်ပြုလိုက်လို့ အထဲကို ဝင်သွားတယ်။

ဂူရဲ့ကြမ်းပြင်မှာ ရွှေဒင်္ဂါးပြားတွေကို အစုလိုက်အပုံလိုက် တွေ့လိုက်ရတယ်။ စဉ့်အိုးသုံးလုံးကိုလည်း ကြီးစဉ်ငယ်လိုက်ချထားတယ်။

"မင်းကြိုက်တဲ့ အိုးကိုယူ၊ ရွှေဒင်္ဂါးပြားတွေကို ထည့်ယူသွား"

ပြောပြန်တဲ့အခါ လောဘမကြီးတဲ့ ဖြူဖွေးဟာ အငယ်ဆုံးအိုးကိုသာယူပြီး ရွှေဒင်္ဂါးတွေကို အပြည့်ထည့်လိုက်တယ်။

"တော်ပါပြီခင်ဗျာ သည်အိုးလေးနဲ့ပဲ"

ဂူထဲက ပြန်ထွက်လာခဲ့တယ်၊ ဂူတံခါးကြီးလည်း ဂျိမ်းဆို ပြန်ပြီးပိတ်သွားခဲ့တယ်။

"ဟောသည့်လမ်းအတိုင်းသွား အိမ်ကိုရောက်သွားလိမ့်မယ် ရွှေဒင်္ဂါးတွေကို မင်းရဲ့ဉာဏ်နဲ့ အဆင်ပြေသလို ကြည့်သုံးပေါ့ကွာ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကျောက်ဂူကြီးခင်ဗျာ"

နှုတ်ဆက်ပြီးတော့ သူညွှန်ပြတဲ့လမ်းအတိုင်း ထွက်လာခဲ့တယ် မကြာခင်မှာပဲ သူ့ရွာကို ပြန်ရောက်လာခဲ့တယ်။





ဖြူဖွေးဟာ မကြာခင်မှာပဲ ချမ်းသာကြွယ်ဝသွားခဲ့တယ်။

သူဘယ်လိုကြောင့် ချမ်းသာကြွယ်ဝသွားခဲ့သလည်းဆိုတာကိုလည်း အမှန်အတိုင်းပဲပြောပြသတဲ့။

လူတစ်ချို့က အဲသည့်ကျောက်ဂူကြီးကို သွားရှာကြည့်ကြတဲ့အခါမှာ မတွေ့ကြရဘူးတဲ့။

ဖြူဖွေးဟာ ချမ်းသာကြွယ်ဝသွားပေမယ့်လည်း မာနမကြီးဘူး။ ဘဝင်လည်းမမြင့်ဘူး။

မရှိဆင်းရဲသားတွေကို ကူညီထောက်ပံ့တယ်၊ သူဆန္ဒအရှိဆုံးဖြစ်ခဲ့တဲ့ ကျောင်းကန်ဘုရားတွေတည်ဆောက်ပြီး လှူဒါန်းတယ်။

တစ်ခု ထူးဆန်းတာက သူဘယ်လောက်ပဲလှူလှူ၊ အိုးလေးထဲက ရွှေတွေဟာ မကုန်သွားဘူးတဲ့၊ နဂိုရှိမြဲအတိုင်း ရှိနေတာပဲတဲ့။

ဖြူဖွေးချမ်းသာသွားတာကို မလိုသူတစ်ယောက်ရှိတယ်၊ သူကတော့ တာတေပဲပေါ့။

"ဟောကောင် ဖြူဖွေး မင်းလိုပဲငါချမ်းသာအောင် လုပ်ပြမယ်ကွ ကြည့်နေ"

မနာလိုစိတ်နဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြောပြီး တောထဲကို ထွက်သွားတယ်။

ကံအားလျော်စွာ ဘယ်သူမှ မတွေ့တဲ့ ကျောက်ဂူကြီးကို တွေ့သွားခဲ့တာပေါ့။

"တာတေ စကားကျစ် ငါ့ဆီလာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူကြီးဆီက စကားပြောသံ ထွက်ပေါ်လာတော့ အံ့အားသင့်သွားခဲ့ရတယ်။

"ဖြူဖွေးကို ကျောက်ဂူကြီးကခေါ်သလို ငါ့ကိုခေါ်တာပဲ၊ ကျွန်ုပ်ရွှေဒင်္ဂါးပြားတွေ ပေးမလို့ထင်တယ်၊ ပွတာပဲ"

ဝမ်းသာအားရနဲ့ ကျောက်ဂူကြီးဆီကို ရောက်သွားတယ်။

"ဒီဂူကြီးထဲမှာ ရွှေဒင်္ဂါးပြားတွေရှိရမယ်"

"ကျောက်ဂူကြီးဆီက အသံထွက်လာပြန်တယ် လက်ခုပ်သုံးချက်တီးပြီး သာဓုသုံးကြိမ်ခေါ်လိုက်ပါ"

တာတေလည်း လက်ခုပ်သုံးချက်တီးလိုက်ပြီး သာဓုသုံးကြိမ်ခေါ်လိုက်သတဲ့။ ဂူတံခါးကြီးလည်း ပွင့်သွားခဲ့တာပေါ့။

ဂူထဲကို ဝင်သွားတဲ့အခါမှာ ရွှေဒင်္ဂါးပြားအပုံကြီးနဲ့ အိုးသုံးလုံးကို တွေ့လိုက်ရတယ်၊

"မင်းကြိုက်တဲ့အိုးကိုယူပြီရွှေဒင်္ဂါးတွေကိုထည့်"

"အိုးသုံးလုံးစလုံးကိုယူမယ်ဗျာ"

ဆိုပြီး အိုးတွေထဲကို ရွှေဒင်္ဂါးပြားတွေသိမ်းကျုံးပြီးထည့်သတဲ့။

"ငါ ဖြူဖွေးထက်ပိုပြီးချမ်းသာရမယ်ကွ"

လောဘမသတ်နိုင်တဲ့ တာတေမျက်လုံးတွေဟာ ရှူးကြောင်ကြောင်အသွင်မျိုးဖြစ်နေတယ်။

အဲသည့်အချိန်မှာ





ဂူတံခါးကြီးဟာ သူ့အလိုအလျောက် ဝုန်းခနဲဆို ပိတ်သွားပါလေရော။

"ဟင် ဂူတံခါးကြီးပိတ်သွားပြီ"

တာတေဟာ စိုးရိမ်ထိတ်လန့်သွားမိတယ်။ ဂူတံခါးကြီးကို တဝုန်းဝုန်းနဲ့ ထုလိုက်ပြီး

"တံခါးပြန်ဖွင့်ပေးပါ၊ ဖွင့်ပေးပါ"

လို့ဘယ်လိုပဲ အော်ပြောပြော ပွင့်မလာတော့ဘူး၊ ဂူကြီးကလည်း စကားမပြောတော့ဘူးတဲ့။

နောက်ဆုံးမှာတော့ စိတ်ထားကောက်ကျစ်တဲ့ တာတေဟာ ဂူထဲမှာပဲအသက်ရှူကျပ်ပြီး သေဆုံးသွားခဲ့ရသတဲ့ကွယ်။ ∎

∎

www.burmeseclassic.com

www.burmeseclassic.com

# ငိုစေရယ်စေသောလူတချပ်

ဟိုးရှေးရှေးတုန်းက ရွာလေးတစ်ရွာမှာ မောင်ပုဏ္ဏားဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူဟာအင်မတန်မှ ရိုးသားဖြောင့်မတ်တဲ့သူ ဖြစ်တယ်။

သမာအာဇီဝကျတဲ့ အလုပ်မျိုးကိုပဲစိတ်ဝင်စားတယ်၊ ရပ်တကာ ရွာတကာလှည့်ပြီး အထည်ရောင်းတဲ့လုပ်နဲ့ အသက်မွေးဝမ်းကြောင်းပြုတယ်။

တစ်နေ့မှာ....

အထည်လှည့်လည်ရောင်းရင်း သူတစ်ကြိမ်တစ်ခါမှ မရောက်ဖူးတဲ့ ရွာတစ်ရွာကိုရောက်သွားခဲ့တယ်။

တစ်ရွာလုံးဟာ အဘိုးကြီး အဖွားကြီးတွေပဲ **နေထိုင်ကြတယ်။** **လူပျို အပျို** လူလတ်ပိုင်းတွေဆိုလို့တစ်ယောက်မှ **မရှိကြဘူး။**

"အဘိုးသည်ရွာက ဘာရွာလို့ ခေါ်ပါသလဲခင်ဗျာ"

လမ်းမှာ တောင်ဝှေးတစ်ချောင်းနဲ့ သွားနေတဲ့အဘိုး**အို တစ်**ယောက်ကို မေးလိုက်တဲ့အခါ





"အနိစ္စရွာလို့ခေါ်တယ်ကွယ့်"

"အနိစ္စရွာ အနိစ္စဆိုတာ အမြဲမရှိပေါ့နော်၊ ဒါဆိုရင် သည်ရွာလေးဟာ တရားသဘောနဲ့မှည့်ထားတဲ့ နာမည်ပေါ့"

"အေး အဘတို့ အိုနာကျိုးကန်းတွေချည်း သည်မှာသပ်သပ်နေကြတယ်။တရားဆွေးနွေးကြတယ်။ တစ်ယောက်ကိုတစ်ယောက် ရိုင်းပင်းကူညီကြတယ် ကိုယ်နဲ့တွေ့ဆုံတဲ့သူတွေဟာ နေ့မြင်ညပျောက်ပါပဲလေ၊ သူကိုက သေသေသွားကြတာကိုး"

"အဘိုးအဘွားတွေဟာ သက်ကြီးရွယ်အိုတွေဆိုတော့ တစ်ယောက်မှ ရယ်ကြမောကြာတာ မတွေ့ရဘူး။ တရားပဲမှတ်နေကြတယ် ထင်ပါရဲ့"

"ဟုတ်တယ် သိပ်ရယ်လွန်းရင် မကောင်းဘူး၊အကျည်းတန်တယ်၊ တရားမှတ်တာက ပိုပြီးအကျိုးရှိတယ်"

"ကျွန်တော်တော့ ရယ်တာကိုလက်ခံတယ်၊ ရယ်သောသူသည် အသက်ရှည်၏တဲ့ အဘရဲ့"

"ငါ့မြေးက ရယ်မောတာကို တစ်ဘက်သတ် လက်ခံနေတာကိုး၊ စိတ်ဆိုးနေတဲ့သူ၊ မဲ့နေတဲ့သူ၊ စိတ်ညစ်ပြီး သောကရောက်နေတဲ့လူတွေကို ရယ်မောစေခြင်းဖြင့် သောက,ကသက်သာရာ ရစေတယ်ဆိုတာ မှန်ပါတယ်"

"သူတို့လို မရယ်နိုင်တဲ့သူတွေကို ကျွန်တော်ကူညီချင်ပါတယ် အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုဟာ အရုပ်ကလေးတစ်ရုပ်ကို လက်ဝါးပေါ်တင်လိုက်တယ်။

ဟောသည်အရုပ်ကလေးဟာ ထူးခြားတဲ့ ရုပ်ထုလေးတစ်ခုပဲ။

ချိုင်းကို ကလိထိုးပေးလိုက်ရင် ဟားတိုက်ပြီးကခုန်တဲ့အထိ ရယ်မောကြလိမ့်မယ်။

"နားရွက်ကို ကြက်တောင်ကလေးနဲ့ ကြပ်ပေးလိုက်ရင်တော့ တိုးတိုးတိတ်တိတ်လေး ရယ်ကြလိမ့်မယ်"

"တယ်ဟုတ်ပါလား အဘိုးရယ်၊ အဲသည့်အရုပ်ကလေးကို ကျွန်တော် လိုချင်လိုက်တာဗျာ"

"ယူချင်ရင်လည်းယူသွား သည်မှာတော့ ဘာမှမစမ်းနဲ့နော် တရားမှတ်နေတဲ့လူတွေအားလုံး သိလပျက်ကုန်ကြလိမ့်မယ်။ သောကဆင်းရဲရောက်နေကြပြီး မပျော်ရွှင်နိုင်တဲ့သူတွေကို မင်းကူညီပေါ့"

"ကျေးဇူးပါပဲ အဘိုးရယ်"

မောင်ပုဏ္ဏှာဟာလည်း လူဝရုပ်လေးကိုယူပြီးပြန်လာခဲ့တယ်။

တစ်နေရာကိုရောက်တော့....

အိမ်တစ်အိမ်မှာ ငိုင်တွေနေတဲ့ လူတစ်ယောက်ကိုတွေ့လိုက်ရတယ်။

သူ့ဆီးမှာလည် လူသုံးလေးယောက်ကို တွေ့လိုက်ရတယ်။

"ဟိုလူဟာ စိတ်သောကတစ်ခုခုရောက်ပြီး မှိုင်တွေနေတာထင်ပါရဲ့၊ ကိုင်း.... သူပျော်သွားအောင် ငါလုပ်လိုက်ဦးမယ်"





မောင်ဝဏ္ဏှာဟာ လူဝရုပ်လေးရဲ့ချိုင်းကို ကလိထိုးပေးလိုက်တယ်ဆိုရင်ပဲ ရည်စူးပြီး အပြုခလိုက်ရတဲ့ အဲဒီလူဆီကို ပစ်မှတ်ရောက်သွားခဲ့တယ်၊ စောစောကမှိုင်နေတဲ့သူဟာ ချက်ချင်းပဲ နေရာကထလိုက်ပြီး တဟားဟားနဲ့ရယ်မောလိုက်တယ်၊ နောက်ကောအားပါးတရနဲ့ ကခုန်နေပါတော့တယ်။

"ယောက္ခမသေလို့ ပျော်တယ် အမွေတွေရတော့မယ် တာနယ် တာနယ် ဗျောင်"

သူဟာ ကွေးနေအောင်ကပါတော့တယ် မနားတမ်းကနေတဲ့သကို အနားမှာထိုင်နေတဲ့သူတွေဟာ သိပ်ပြီးအံ့အားသင့်သွားခဲ့တာပေါ့။

"သည်လူ ဘယ်လိုဖြစ်သွားပါလိမ့်၊ စောစောကတော့ ယောက္ခမနောက်ကိုသူပဲ လိုက်သွားတော့မလို မှိုင်နေတယ်၊ အခု အမွေတွေ ရတော့မယ်ဆိုပြီး ထကနေတယ် စိတ်မှမှန်သေးရဲ့လား"

အဲသည်အချိန်မှာ မိန်းမတစ်ယောက်ဟာ အခန်းထဲကထွက်လာပြီး....

"ဩ ကိုယ့်ယောက္ခမသေတာ ကြိတ်ပြီးဝမ်းမသာဘူး အခုတော့ လူပုံအလယ်မှာ ဟန်မဆောင်နိုင်တော့ဘဲ မရှက်မကြောက်နဲ့ ထကနေတယ်။ ရှင့်လိုလူမျိုးကို အိမ်မှာ မထားတာပဲကောင်းတယ်။ ကဲဟယ် ကဲဟယ် ရက်တောင်မှမလည်သေးဘူး ရှင်ကပျော်နေ"

ဇနီးဖြစ်သူက တံမြက်စည်းနဲ့လိုက်ရိုက်တဲ့အခါ....

"အောင်မလေးဗျ အောင်မလေးဗျ"



www.burmeseclassic.com

www.burmeseclassic.com



လို့အော်ပြီး အိမ်ပေါ်ကဆင်းပြေးပါတော့တယ်"

မောင်ပုဏ္ဏလည်း အခြေအနေမှန်ကို သိရလို့ မျက်လုံးပြူး သွားခဲ့တာပေါ့။

အင်း ငါ့အယူအဆလွဲသွားပြီ၊ ဟိုလူကိုတော့ မိန်းမရဲ့အထင်အမြင်မှားမှုကို သက်သက်ခံလိုက်ရပြီ လစ်မှ...."

ဘယ်သူမှ မသိအောင် အသာလေးလစ်ထွက်လာခဲ့ရတယ်။

ဒါနဲ့ တစ်နေရာကိုရောက်လာခဲ့ပြန်တယ်။

မောင်ပုဏ္ဏဖြတ်လာတဲ့ ရွာလေးမှာ အိမ်တစ်အိမ်ကလူတွေ စုရုံးစုရုံးနဲ့ ဖြစ်နေကြတယ်။

"သည်အိမ်ကလူတွေများနေပေမယ့် သိပ်ပြီးတော့ တိတ်ဆိတ်နေပါလား၊ နာရေးကိစ္စကြောင့် ပျော်ပျော်ရွှင်ရွှင်မရှိကြတာပဲထင်ပါရဲ့"

စောစောက အတွေ့အကြုံကို သူသတိရလိုက်မိပြီး အိမ်ရှေ့က ဖြတ်သွားမယ်လုပ်တယ်။

အဲဒီအချိန်မှာ ဆိုင်းဝိုင်းကြီးက ရုတ်တရက်ဆိုသလို ဗေထိဗေထိ ဆိုပြီး ထတီးပါလေရော။

ဟိုတုန်းကဆိုရင် တောနယ်တွေမှာ...

နာရေးကိစ္စ အလှူအတန်းနှစ်ခုစလုံးဆိုင်းသွင်းလေ့ရှိကြတယ်၊ မင်းသားမင်းသမီးတွေကို ကခိုင်းတယ်။

ဆိုင်းသံကြားတယ်ဆိုရင်ပဲ...

မင်းသားဟာ အလွမ်းသီချင်းတစ်ပုဒ်ကိုထဆိုလိုက်တယ်။





"ရွှေပြည်ကြီးကိုပြန်လာခဲ့မယ် ဪ... ရွှေပြည်ကြီးကို ပြန်လာခဲ့မယ် ဝဏ္ဏပဘာအလှကလျာ အချစ်ထွက်ခေါင်မှူး ကိုကွယ် လွမ်း x x လွမ်း x x လွမ်းနေရပြီ"

သီချင်းတစ်ပုဒ် ဆိုလိုက် ကလိုက်ရှိနေတော့....

"ဟာ...သည်မင်းသားဟာ နာရေးကိစ္စမှာ ဘာဖြစ်လို့ အမွှေးစိုက်သီချင်းမျိုး ဆိုနေရပါလိမ့်၊ သည်လိုနေရာမျိုးမှာ ဒါမျိုးမဆိုရဘူးဆိုတာ မသိရဘူးလား၊ ကဲ- သည်မင်းသားကို ပညာပေးလိုက်ဦးမှပဲ"

ဆိုပြီး ရုပ်ထုရဲ့ချက်ကို လက်ညှိုးနဲ့ထိုးလိုက်တဲ့အခါ....

မင်းသားလည်း ဘယ်လိုဖြစ်သွားသလည်း မသိဘူး။

ချက်ချင်းပဲ သီချင်းပြောင်းသွားပြီး.....

"အံမယ်မင်းရယ်တဲ့မှ မင်း- မင်း- မင်း မင်းစိန်လေးရယ်၊ အုသေစောလို့ နမောလှချည်ရဲ့ x x ဟောင် x x မင်း-အစတုန်းက မောင်ကြီးကို ချစ်လှချည်ရဲ့ဆို x x အခုတော့ x x မင်း-ခွဲသွားရက်ခဲ့ပြီလားကွယ့်.... ဟီး"

မင်းသားက ရုတ်တရက် ငိုချင်းချလိုက်တဲ့အတွက်....

ဆိုင်းသမားတွေဟာ ဘယ်လို နားလည်ရမှန်း မသိတော့ဘူး။

လူတွေလည်း အံ့အားသင့်ကုန်ကြတာပေါ့။

အိမ်ထဲမှာ ညည်းခံဖို့ ပြင်ဆင်နေကြတဲ့ မင်္ဂလာ သတို့သမီးနှင့် သတို့သားတို့ဟာ မင်းသားကို မကျေမနပ်ဖြစ်သွားခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးတော်စပ်ပုံရတဲ့ လူကြီးတစ်ယောက်က....

"ဘယ်လိုလည်း မင်းသား၊ မင်္ဂလာယူရမယ့် အချိန်မှာ ဘာဖြစ်လို့ နမိတ်မရှိ၊ နမာမရှိ၊ သီချင်းတွေကို ဆိုနေရတာလဲ၊ ဒါ သက်သက်မဲ့ အရွဲ့တိုက်တဲ့ သဘောလား"

"မ–မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ဘယ်လိုဖြစ်ပြီး ဘယ်လိုက ဘယ်လို သီချင်းပြောင်းဆိုမိလိုက်မှန်း မသိလို့ပါ"

မင်းသားက ပျာပျာသလဲ တောင်းပန်တယ်။

"အင်း မင်္ဂလာဆောင်ကိုမှ အသုဘအိမ်လို ငါထင်မိနဲ့တာ တစ်ချက်တော့ မှားသွားပြန်ပြီ၊ တော်ပြီ ဘာလုပ်လုပ် အလွဲလွဲ ချော်ချော်ပဲ၊ ဘယ်သူ့ကိုမှ အကူအညီ မပေးတော့ဘူး"

မောင်ပုဏ္ဏလည်း စိတ်ပျက်ပျက်နဲ့ ဗိုက်ပူရုပ်လေးကို ချောင်းထဲ ပစ်ချလိုက်လေသတဲ့။ အရုပ်လေးလည်း ရေထဲမြုပ်ပြီး ပျောက်ကွယ် သွားပါလေရောတဲ့ကွယ်။ ။



## သီချင်းဆိုတဲ့ ငှက်ကလေး

ဟိုးရှေးရှေးတုန်းက လူတစ်ယောက်မှာ သီချင်းဆို အင်မတန် ကောင်းတဲ့ ငှက်ကလေးတစ်ကောင် ရှိသတဲ့။

အဲသည့် ငှက်ကလေးဟာ သီချင်းအဆို ကောင်းတဲ့အပြင်၊ အသံလည်း ရှည်ကြာစွာ အော်မြည်နိုင်တယ်။ စူးရှတဲ့ အသံမျိုးကိုလည်း ပိုင်ဆိုင်တယ်။

ငှက်ပိုင်ရှင်ရဲ့ နာမည်ကတော့ ကိုခလို့ ခေါ်သတဲ့။

သီချင်းဆိုကောင်းတဲ့ ငှက်ကလေးရဲ့ ဂုဏ်သတင်းက ပတ်ဝန်းကျင်မှာ ပျံ့လွင့်လို့နေတယ်။

သူဌေးကြီးတစ်ဦးရဲ့ သမီးဟာ အဲသည့် ငှက်ကလေးကို သိပ်ပြီး လိုချင်နေတာပေါ့၊ ပူဆာတယ်။

"သမီးကို အဲသည့်ငှက်ကလေး ဝယ်ပေးပါ ဖခင်"

"ရောင်းမယ်ဆိုရင်တော့ ဝယ်ပေးမှာပေါ့ သမီးလေးရယ်"

သမီးကိုအလိုလိုက်တဲ့ သူဌေးကြီးဟာ ငှက်ပိုင်ရှင်ကိုခကို ခေါ်ပြီးမေးတဲ့အခါ....



www.burmeseclassic.com

www.burmeseclassic.com



"ဆိုက်တန်တဲ့ အဖိုးအခကိုပေးရင် ရောင်းပါ့မယ် သူဌေးကြီး"

"မင်းတောင်းသလောက်ပေးပါ့မယ်၊ မနက်ဖြန်ကျရင် ငှက်ကို ယူလာခဲ့ပါ"

ကိုခပြန်သွားတဲ့အခါ သူဌေးကြီးရဲ့အိမ်ကို လူတစ်ယောက် ရောက်လာပြန်တယ်။

"သူဌေးမင်းက သီချင်းဆိုတဲ့ ငှက်လိုချင်တယဆိုလို့ လာရောင်းတာပါခင်ဗျာ ကျွန်တော့်နာမည် ကိုစပါ"

"အခုပဲ သူငယ်တစ်ယောက်ဆီက ဝယ်ဖို့ကတိပေးလိုက်ပြီကွယ်"

"ဒါပေမယ့် ကျွန်တော့်ငှက်က သူ့ငှက်ထက်ပိုပြီးတော့ သီချင်းဆိုနိုင်ပါတယ်၊ အသံလည်းကောင်းပါတယ်၊ သူဌေးမင်းမယူလိုက်ရင် ဆုံးရှုံးမှုတွေဖြစ်လာနိုင်ပါတယ်"

သူဌေးကြီးလည်းစိတ်ထဲမှာ တစ်မျိုးဖြစ်သွားခဲ့တယ်။

သူ့ငှက်ကပိုပြီး ကောင်းတယ်ဆိုတာကိုး

အတန်ကြာစဉ်းစားပြီးမှ ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။

"အင်း၊ ဟိုသူငယ်ကို ကတိပေးထားတယ် ဆိုပေမယ့် သည်လိုလုပ်ရင်ကောင်းမယ်၊ သည်ငှက်နှစ်ကောင်ကို သီချင်းအပြိုင်ဆိုခိုင်းရင်ကောင်းမယ်၊ အဲဒီမှ ဘယ်ငှက်က ပိုပြီးဆိုနိုင်သလဲ၊ အောင်နိုင်သလည်းဆိုတာသိရမယ်"





နောက်တစ်နေ့မနက်မှာ ကိုခဟာသူ့ငှက်ကလေး ကိုယူလာတယ်။

ကိုစလည်း ငှက်ကလေးတစ်ကောင် ကိုယူလာတယ်။

ထူးဆန်းတာက ငှက်ကလေးနှစ်ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် အလုံးအဖန် အရောင်အသွေးကအစ တူနေတယ်။

သူဌေးကြီးလည်း ကိုခရောက်လာမှ ကိုစရဲ့ငှက်နဲ့ အပြိုင်ဖြစ်နေတဲ့အကြောင်း ပြောပြတာပေါ့။

"ရပါတယ်သူဌေးမင်းကြီးရယ်၊ ငှက်နှစ်ကောင်ကိုရွေးရ ခက်နေရင်လည်း ပြိုင်သင့်ရင်ပြိုင်ကြတာပေါ့"

သဘောတူလိုက်ကြတဲ့အခါ–

ရှေးဦးစွာ ကိုခရဲ့ငှက်ကို သီချင်းအရင်ဆိုခိုင်းတယ်။

ငှက်ကလေးကလည်း ချိုအေးတဲ့အသံသာလေးနဲ့ သီဆိုပြတယ်၊ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုပြတယ်။

သူဌေးသမီးလေးဟာ သူကြားဖူးထားတဲ့အတိုင်း–

ကိုခငှက်ကလေးသီဆိုပြီးတော့–

ကိုစရဲ့ငှက်ကလေးကလည်း သီချင်းကို ကိုခရဲ့ငှက်နဲ့မခြား ကောင်းမွန်စွာ သီဆိုနိုင်တယ်။

အရည်အချင်းကတူနေတဲ့အတွက်

ဘယ်ငှက်ကို ရွေးရမှန်းမသိအောင် ဖြစ်နေတာပေါ့။

နောက်ဆုံးပြိုင်ရမှာကတော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ငှက်ဟာအရှည်ဆုံး အော်နိုင်သလဲဆိုတာပဲ။

အဲဒါကျတော့တစ်ကောင်စီ မဟုတ်တော့ဘူး၊

နှစ်ကောင်စလုံး ပြိုင်ပြီးအော်ကြရတယ်။

အဲသလိုအော်ကြတဲ့အခါမှာ ကိုခရဲ့ငှက်ကလေးဟာ သူတတ်နိုင်သလောက်အကြာဆုံး အော်တယ်။

နောက်ဆုံးမှာတော့- -

သူ့ရဲ့အသံဟာ တဖြည်းဖြည်းနဲ့ တိမ်ဝင်သွားခဲ့တယ်။

မအော်နိုင်တော့ဘူးပေါ့။

ကိုခရဲ့ငှက်ကလေးကတော့ ဆက်ပြီးအော်နိုင်သေးတယ်၊ အသံကျမသွားဘူး။

သူဌေးသမီးကလေးက ဲ်ပြီဆိုမှ ရပ်သွားတော့တယ်။

ပြိုင်ပွဲမှာ ကိုခရဲ့ ငှက်ကလေးက ရှုံးသွားတယ်။

အသံရှည်ကြာစွာ အော်နိုင်တဲ့ ကိုစရဲ့ငှက်ကလေးက နိုင်သွားခဲ့တဲ့အတွက်

“ကဲ.... အားလုံးမြင်တဲ့အတိုင်းပါပဲ ကျွန်တော့်ရဲ့ငှက်ကလေးဟာ ဘယ်လောက်အထိတော်သလဲဆိုတာ သူဌေးမင်းရဲ့ကတိအတိုင်း ဝယ်ယူပါခင်ဗျာ”

သူဌေးကြီးလည်း....

သီချင်းဆိုတဲ့ငှက်ကလေးကို ဈေးကြီးကြီးနဲ့ ဝယ်လိုက်ရတယ်။

သူဌေးသမီးလေးဟာ....



ငှက်ကလေးကို ချစ်မြတ်နိုးအားကြီးလို့ ငွေလှောင်အိမ်ထဲမှာထားတယ်။

သီချင်းတွေ ခဏခဏဆိုခိုင်းတယ်။

ငှက်ကလေးကလည်းဆိုပြတာပဲ။

“အသံကိုအရှည်ကြာဆုံးအော်ပြပါအုံး ငှက်ကလေးရယ်....”

လို့ပြောလိုက်ရင် စူးရှတဲ့အသံလေးနဲ့အကြာကြီး အော်ပြသတဲ့။

သည်လိုနဲ့ရက်တွေ လတွေကြာလာတဲ့အခါ....ငှက်ကလေးဟာ တစ်မျိုးဖြစ်လာတယ်။

သီချင်းလည်းသိပ်မဆိုနိုင်တော့ဘူး။ ဆိုခိုင်းလို့ဆိုရင်လည်း အသံမသာယာတော့ဘူးတဲ့၊ အော်ခိုင်းရင်လည်း

ခဏလေးပဲအော်တယ်၊ ရပ် ရပ်သွားတယ်။

တစ်ရက်မှာ....

ငှက်ကလေးဟာ....

လှောင်အိမ်ထဲမှာ လဲကျသေဆုံးနေတာ တွေ့လိုက်ရတယ်။

သမီးလေးလဲ သိပ်ပြီးစိတ်မကောင်းဖြစ်သွားခဲ့တာပေါ့။

သူဌေးကြီးက....

ငှက်ကလေးကို ထုတ်ပြီးကြည့်တဲ့အခါ....

ငှက်ကလေးက အကောင်သေးသလောက် အလေးချိန်မိုပြီးစီးနေသလိုပဲ”

အစေခံတွေကိုခေါ်ပြီး ဗိုက်ကိုခွဲကြည့်တဲ့အခါ....

ပြီးပါပြီ

www.burmeseclassic.com

"အလို"

သိပ်ကိုအံ့အားသင့်သွားမိခဲ့တယ်။

ဘာဖြစ်လို့လဲဆိုတော့....

ငှက်ကလေးဟာ ငှက်အစစ်မဟုတ်ဘူး၊ စက်နဲ့လုပ်ထားတဲ့ ငှက်ရုပ်လေးပဲဖြစ်နေတယ်။

"ဒါကြောင့် သည်ငှက်ဟာ ဟိုငှက်ထက်ပိုပြီးကြာမြင့်စွာအော်နိုင်ခဲ့တာကိုး...."

ငှက်အစစ်လို့လိမ်ပြီး ရောင်းသွားခဲ့တယ်ဆိုတာ အခုမှပဲသိရတော့တယ်။

သူဌေးသမီးလေးလည်း

ငှက်ကလေး မရှိတော့တဲ့အတွက် ပျော်ရွှင်မှုမရှိတော့ဘူးပေါ့။

တမှိုင်မှိုင် တတွေတွေနဲ့ ဖြစ်နေရတယ်။

သူဌေးကြီးလည်း စိတ်မကောင်းဖြစ်မိတာပေါ့။

"ငှက်အတုဆိုတာ မသိလို့ဝယ်မိခဲ့တာပါ သမီးကိုဒုက္ခပေးသလိုဖြစ်နေပြီ၊ သည်တစ်ခါတော့ ငှက်အစစ်ကလေးရှာပေးမယ်"

"တကယ်ပြောလားဖခင်"

"တကယ်ပေါ့ သမီးလေးရယ်"

မကြာခင်မှာ အိမ်ပေါ်ကို သီချင်းဆိုတဲ့ငှက်ကလေးတစ်ကောင်ရောက်လာတယ်။

တကယ်သဘာဝအသံနဲ့ သီဆိုတတ်တဲ့....



ငှက်အစစ်လေးပဲဖြစ်တယ်။

သမီးလေးဟာ ငှက်ကလေးရဲ့သီချင်းကို နားဆင်ပြီး....

နေ့စဉ်ပျော်ရွှင်နေမိတာပေါ့။

ငှက်ကလေးကလည်း....

သမီးလေးသီဆိုနိုင်တဲ့ အချိန်တိုင်း....

ချိုမြိန်တဲ့ တေးသံသာလေးနဲ့သီဆိုပြသတဲ့။

အဲ့သည် ငှက်ကလေးဟာ တစ်ခြားငှက်ကလေးမဟုတ်ဘူး။

တစ်ခါက....

ပြိုင်ပွဲဝင်ရင်း စက်ရုပ်ငှက်လေးကို....

ရှုံးခဲ့တဲ့ငှက်ကလေးပါပဲတဲ့ကွယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## ဝဇီဗေဒ ထိတိုင်းရှ

"ဝဇီဗေဒ ထိတိုင်းရှ" ဆိုတဲ့စကားရှိတယ်။

အဲသည်စကားရဲ့အဓိပ္ပါယ်ကတော့....

သူတစ်ပါးကိုထိပါးပုတ်ခတ်ပြီး ပြောဆိုခဲ့ရင် အဲသည်လို ပြောခဲ့တဲ့အတိုင်း မကောင်းကျိုးကို တန်ပြန်ခံစားရတယ်။

မကောင်းမှု ကုသိုလ်ကံတစ်ခုကို ပြုလုပ်မိခဲ့ရင်....

ဘဝတစ်ခုတည်းအတွက် ပေးဆပ်ရတာမျိုးမဟုတ်ဘဲ၊ ဘဝ အဆက်ဆက် ပေးဆပ်ရတာမျိုးရှိတယ်။

အဲသလောက်အထိ ဝဋ်ကြွေးကံတင်လာရင် ဘဝအဆက် ဆယ့်ငါးဆက် ဘဝတစ်သောင်း နှစ်သောင်းမက ဝဋ်ကြွေးကိုဆပ်ကြ ရတယ်။

ဘယ်လောက်ထူးဆန်းပြီး ကြောက်စရာကောင်းသလဲကွယ်။

ပုံပြင်လေးတစ်ခုကို ပြောပြရင်....

သိခီဘုရား လက်ထက်တော်အခါကပေါ့ကွယ်။



ဘိက္ခုနီမတစ်ဦးရှိတယ်၊ အဲသည့်ဘိက္ခုနီမဟာ တစ်နေ့မှာ အဖော်ဘိက္ခုနီ အကျို့နဲ့အတူ .... စေတီတစ်ဆူထံပါးမှာ လှည့်လည်ပြီး ပူဇော်နေသတဲ့။

သူတို့အထဲက .... ရှေ့ဆုံးကနေသွားနေတဲ့ ဘိက္ခုနီမဟာ.... ရဟန္တာထေရီတစ်ပါးဖြစ်တယ်။

အဲသည်ရဟန္တာတာထေရီဟာ စေတီပေါ်မှာ လှည့်လည်ရင်း ရုတ်တရက် နှာချေမိလိုက်တယ်၊ အဲသည်လို နှာချေမိလိုက်တဲ့အတွက်

စေတီရင်ပြင်တော်ပေါ်ကို အမှတ်တမဲ့ ဆိုသလို တံတွေးပေါက် ကျသွားသတဲ့။

အဲသည်တံတွေးပေါက်ကို နောက်ကလိုက်လာတဲ့ ဘိက္ခုနီမက မြင်လိုက်ရတဲ့အခါ

"ဟယ် အဘယ်ပြည့်တန်ဆာမက ဤနေရာမှာ တံတွေး ပေါက်ကို ထွေးခဲ့သနည်း" ဆိုပြီး ဆဲရေးမိလိုက်တယ်။

ဘိက္ခုနီရဟန္တာမကို ဆဲရေးမိတဲ့ မိ ဘိက္ခုနီမဟာ အင်မတန်မှ အပြစ်ကြီးခဲ့တယ်။

သူသေလွန်သွားတဲ့အခါမှာ.... အပါယ်ငရဲကိုကျသွားခဲ့တယ်။ ငရဲက လွတ်ရမြောက်လာတဲ့အခါမှာလည်း.... လူ့ဘဝကို ရောက်လာ တဲ့အခါ ....

www.burmeseclassic.com

www.burmeseclassic.com



ဘဝပေါင်း တစ်သောင်းတိုင်...ပြည့်တန်ဆာမဖြစ်ရတယ်။ နောက်ဆုံးဘဝကတော့ ဝေသာလီပြည်မှာ အမ္ဗပါလီအမည်ရှိတဲ့ ပြည့်တန်ဆာမဖြစ်ခဲ့ရသေးတယ်။

ဒါကြောင့်မို့ သူတစ်ပါးကို ဘယ်တော့မှ ထိပါးပုတ်ခတ်ပြီး မပြောရဘူး နှစ်တွေကြာစွာ ဝဋ်လိုက်တတ်မို့ မကောင်းမှု တစ်ခုဖြစ်တဲ့အတွက် ရှောင်ကြဉ်ကြရမယ်။

❑

# နတ်သမီးလေးနဲ့မှော်ဆရာ

ဟိုးရှေးရှေးတုန်းက အင်မတန်မှ တန်ခိုးထက်မြက်တဲ့မှော်ဆရာကြီး တစ်ဦးရှိတယ်။

အဲ့သည့်မှော်ဆရာကြီးဟာ စိတ်ထားကောက်ကျစ်တယ်၊ သူ့သဘောအတိုင်း ဖြစ်တည်နေတဲ့လောက သဘာဝကြီးကိုတောင် ပြောင်းလဲပစ်ချင်တဲ့ စိတ်ဆန္ဒရှိနေတယ်။

လမ်းမှာ ပန်းပင်လေးတစ်ပင်ကိုတွေ့ရင်

"ဆူးပင်ဖြစ်လိုက်စမ်း"

သူ့အမိန့်ပေးလိုက်တာနဲ့ ပန်းပင်လေးဟာ ဆူးပင်အဖြစ်ကို ပြောင်းလဲသွားတယ်။

"ဟင် ငါ့တစ်ကိုယ်လုံး ဆူးတွေနဲ့ ပြည့်သွားပါလား၊ ငါ ငါ ပန်းပွင့်လှလှလေးတွေ မပွင့်နိုင်တော့ဘူး ဟင့်"

ပန်းပွင့်လေးဟာ ငိုရှာတယ်။

အသွေးအရောင်စုံတဲ့ ငှက်ကလေးကို တွေ့တဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



"လဒတစ်ကောင်ဖြစ်လိုက်စမ်း"

အင်မတန်လှပတဲ့ငှက်ကလေးဟာ ချက်ချင်းမှာပဲ လဒ တစ်ကောင်ဖြစ်သွားတယ်။

"အလိုလေးလေး ငါ့အင်မတန်မှ ရုပ်ဆိုးပြီး အကျည်းတန်တဲ့ လဒတစ်ကောင်ဖြစ်သွားပါလား"

ငှက်ကလေးလည်း သူ့ကိုယ်ကို ရေပြင်အရိပ်မှာ မြင်လိုက်ရတော့ သိပ်ပြီးထိတ်လန့်သွားခဲ့တယ်။

ခေါင်းမဖော်နိုင်အောင် ရှက်ကြောက်ရွံ့ပြီး အဝေးကို ပျံသန်းသွားလေရဲ့။

ကျားကြီး တစ်ကောင်ဟာ ဘာသာဘာဝအရ တောထဲမှာ သားကောင်လိုက်ရှာနေတယ်။

"ဟိုမှာ ချေပေါက်စလေးတစ်ကောင်"

ချေလေးဟာ ကျားကြီးချောင်းနေတာကိုလည်းသိရော အထိတ်တလန့်နဲ့ ထွက်ပြေးပါလေရော။

ကျားကြီးလည်း နောက်ကနေလိုက်တယ်။

"ပြေးနိုင်မှ လွတ်မယ်ဟေ့"

မော်ဆရာကြီးဟာ ကျားနဲ့ချေတို့ရဲ့အခြေအနေကို မြင်တွေ့သွားတယ်။

"ကျားက ဖားဖြစ်စေ"

သူ့အမိန့်ပေးလိုက်တာနဲ့ ကျားကြီးဟာ ချက်ချင်းပဲ ဖားတစ်ကောင်ဖြစ်သွားတယ်။





"အင် ငါ ဖားဖြစ်သွားပြီ"

ချေလည်း ကျားကဖားဖြစ်သွားတာကို သိသွားတဲ့အခါ–

"ဟင် ဘယ်လိုကြောင့် ဖားဘဝပြောင်းသွားလဲသွားပါလိမ့်၊ ဘာပဲဖြစ်ဖြစ်၊ ငါ့အလှည့်ပဲ"

ချေဟာ ဖားကို ချေထောက်နဲ့နင်းပြီး သတ်ပစ်လိုက်တယ်။

"အွတ် သေပါပြီ"

ကျားဟာ ကိုယ့်ထက်အားနည်းတဲ့သားကောင်ကို ဖမ်းတာ သဘာဝပဲ၊ အဲ့သည့်သဘာဝကို ဆန့်ကျင်ပြီး ပြောင်းလဲပစ်တာ အင်မတန်မှ အကျည်းတန်ပြီး အရုပ်ဆိုးတာပေါ့။

မော်ဆရာကြီးကတော့ ဘာမဆိုဆန့်ကျင်ရမှ ကျေနပ်တဲ့သူဖြစ်တယ်။

ညဘက်ဆိုရင် မိုးကောင်းကင်ယံမှာ ကြယ်ပွင့်လေးတွေဟာ တလက်လက်နဲ့ တောက်ပနေကြတယ်။

အတောက်ပဆုံး ကြယ်ပွင့်လေးတစ်ပွင့်ဟာ

ကြယ်နတ်သမီးလေးတစ်ဦး ပိုင်ဆိုင်တဲ့ ဘုံဗိမာန်လေးပေါ့။

နတ်သမီးလေးဟာ တစ်ခါတစ်ရံမှာ တိမ်လွှာကိုစီးပြီး ဆော့ကစားနေတတ်တယ်။

သူ့မှာ အင်မတန်မှ ယောကျ်ားပီသတဲ့ လူမင်းသား ချစ်သူလေးတစ်ဦးရှိတယ်။

လူမင်းသားလေးဟာ မြင်းပျံကြီးကိုစီးပြီး နတ်သမီးရှိရာ ကောင်းကင်ဘုံဆီကို မကြာခဏလာတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အတူ မြင်းပျံကြီးကို စီးပြီးကောင်းကင်အနှံ့တိမ်လွှာတွေကြားမှာ လျှောက်ပြီး လည်ပတ်ကြတာပေါ့။

နတ်သမီးလေးနဲ့လည်ပတ်ပြီးလို့အားရရင် လူမင်းသားလေးလည်း ကောင်းကင်ဘုံကနေ မြေကမ္ဘာဆီကို ပြန်ပြီး ဆင်းသက်လာခဲ့သတဲ့။

တစ်နေ့မှာ

မှော်ဆရာကြီးဟာ မိုးကောင်းကင်ပေါ်မှာ တံမြက်စည်း ပျံကြီးကိုစီးသွားရင် တိမ်လွှာကြားက နတ်သမီးလေးကို အမှတ်မထင်ဆိုသလို တွေ့သွားခဲ့တာပေါ့။

"သိပ်လှတဲ့နတ်သမီးလေးပါလား"

သူ့ရဲ့တံမြက်စီးပျံကို နတ်သမီးလေးဆီ ဦးတည်စေလိုက်တယ်။

နတ်သမီးလေးလည်း မှော်ဆရာကြီးကို တွေ့လိုက်ရတော့ သိပ်ပြီး ထိတ်လန့်သွားခဲ့တာပေါ့။

"ငါ့ကိုမကြောက်ပါနဲ့ နတ်သမီးလေးရယ်၊ နင့်ကိုငါမြင်မြင်ချင်း ချစ်ခင်မိတယ် ငါ့ကိုလက်ထပ်ပါ"

"ဟို ရှင့်လို အိုမင်းရွတ်တွပြီး သဘာဝတရားအပေါ် ဆန့်ကျင်နေတဲ့သူကို ကျွန်မ မချစ်နိုင်ဘူး"

"ဩ. နင်က ငါ့ကိုလက်မခံဘူးပေါ့ ဟုတ်လား၊ ကဲ ဒါလောက်တောင်ဖြစ်ချင်တာ၊ ငါ့အကြောင်းအခုသိရစေမယ်"

မှော်ဆရာကြီးဟာ နတ်သမီးလေးကို ရွှေငါးလေးတစ်ကောင်အဖြစ်ဖန်ဆင်းပစ်လိုက်တယ်။





ပြီးတော့ဖန်ပုလင်းထဲထည့်ပြီး ယူဆောင်သွားသတဲ့။

ဒါပေမယ့် လမ်းမှာ လူမင်းသားလေးက ကောင်းကင်ဘုံပေါ်ကို သာခိုက်နဲ့ မမျှော်လင့်ဘဲ တွေ့သွားခဲ့ရပါလေရော။

"အလို သည့်မှော်ဆရာကြီးဟာ ငါ့ရဲ့ချစ်သူရှိတဲ့ ဘုံဗိမာန်ဘက်ကလာခဲ့တာပါလား"

စိတ်ထဲက သင်္ကာမကင်းဖြစ်သွားတယ်

မှော်ဆရာကြီးရဲ့လက်ထဲမှာလည်း ရွှေငါးလေးပါတဲ့ ဖန်ပုလင်းကိုတွေ့လိုက်ရတယ်။

နတ်သမီးလေးဟာ မင်းသားလေးကိုလည်း တွေ့လိုက်ရော

"မောင်တော်၊ နှမတော်ကိုကယ်ပါဦး"

"ဟင် ငါ့ရဲ့ချစ်သူကို မှော်ဆရာကြီးက ဘဝပြောင်းပစ်လိုက်ပြီကိုး"

နတ်သမီးလေးမှန်းသိသွားတာနဲ့ မြင်းပျံနဲ့မှော်ဆရာကြီး ‌နောက်ကို ‌အတင်းလိုက်ပါတော့တယ်။

မှော်ဆရာကြီးလည်း နတ်သမီးလေးရဲ့ ချစ်သူမှန်းသိသွားတယ်။

"မင်းသားလေး နင်ငါနောက်ကိုလိုက်လာရင် ဖန်ပုလင်းကိုပစ်ချလိုက်မယ် နေခဲ့ပါ"

"မှော်ဆရာကြီး သင်မယုတ်မာနဲ့ သတ္တိရှိရင် သင်ငါနဲ့ယှဉ်ပါ



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား သင်က ငါ့လိုတန်ခိုးရှင်ကို စိန်ခေါ်တယ်ပေါ့လေ ကောင်းပြီ သင်ငါ့အကြောင်း အခုချက်ချင်း သိစေရမယ်"

အဲ့သလိုပြောပြီး

တံမြက်စည်းအတံတစ်ချောင်းကို နှုတ်ယူပြီး မင်းသားလေးဆီကို ပစ်ထည့်လိုက်တယ်။

တံမြက်စည်းတံလေးဟာ ချွန်ထက်တဲ့ မြားတံအဖြစ်ပြောင်းလဲသွားပြီး မင်းသားလေးဆီကို လျင်မြန်သောအဟုန်နဲ့ ပြေးဝင်သွားတယ်။

မင်းသားလေးဟာ သူ့ရဲ့ထက်မြတ်တဲ့ဓါးနဲ့ မြားတံကိုပိုင်းဖြတ်ပစ်လိုက်တယ်။

နောက်တစ်ခါ မှော်ဆရာကြီးက မင်းသားလေးဆီကို သူ့ရဲ့ဝတ်ရုံကြီးထဲက မြွေတွေအကောင်ပေါင်းများစွာ ထုတ်ပြီးအစုလိုက်အပြုံလိုက် ပစ်လွှတ်သတဲ့။

မင်းသားလေးဟာ တန်ခိုးထက်မြက်တဲ့ဓါးကြီးကို ပိုင်ဆိုင်ထားသူဖြစ်တယ်။ မြွေတွေကို တစ်ကောင်ပြီးတစ်ကောင် ပိုင်းဖြတ်ခုတ်ထစ်ပစ်လိုက်တယ်။

မှော်ဆရာကြီးကလည်း မင်းသားလေးရဲ့ အစွမ်းအစ မသေးဘူးဆိုတာ သိလိုက်ရတယ်။

ကောက်ကျစ်တဲ့မှော်ဆရာကြီးဟာ မြွေအရှည်ကြီးတစ်ကောင်ကို ကြိုးကွင်းအဖြစ် ဖန်ဆင်းလိုက်ပြီး–





မင်းသားလေးဆီကို ပစ်လွှတ်လိုက်တယ်။

မြွေကြိုးကွင်းဟာ မြင်းရဲ့ခေါင်းကို စွပ်မိသွားပြီး တစ်ချက်တည်းဆောင့်ဆွဲ ပစ်လိုက်တယ်။

မြင်းကအလန့်တကြားနဲ့ ကိုယ်ကိုခါလိုက်တဲ့အခါ မင်းသားလေးဟာ မြင်းပေါ်ကနေ စင်ပြီးတော့ ကျသွားတယ်။

ဒါပေမယ့် ကံကောင်းချင်တော့ မင်းသားလေးဟာ မှော်ဆရာကြီးရဲ့ တံမြက်စည်းပျံပေါ်ကို ရောက်သွားတယ်။

မှော်ဆရာကြီးနဲ့ လုံးလားထွေးလား ဖြစ်သွားတဲ့အချိန်မှာ ဖန်ပုလင်းလေးဟာ လွတ်ကျသွားတယ်။

သမုဒ္ဒရာထဲကို ကျသွားတာပေါ့၊ ငါးကြီးတစ်ကောင်ဟာ လျင်မြန်စွာ ကူးခတ်လာပြီး ပုလင်းကို မျိုချပစ်လိုက်တာပေါ့။

မင်းသားလေးကလည်း တံမြက်စည်းပျံပေါ်က မကျရလေအောင် မှော်ဆရာကြီးကို အတင်းဖက်တွယ်ထားတယ်။

မှော်ဆရာကြီးကလည်း မင်းသားလေးကို တန်ပြန်ပြီးတိုက်ခိုက်တယ်။

သူတို့နှစ်ယောက်ဟာ တံမြက်စည်းတံကြီးပေါ်မှာ လုံးလားထွေးလားနဲ့ပေါ့၊ တံမြက်စည်းပျံပေါ်ကလည်း မကျအောင်သတိထားနေကြရတယ်။

အဲ့သလို တိုက်ခိုက်နေရင်း မင်းသားလေးရဲ့ဓါးဟာ မှော်ဆရာကြီးရဲ့နှလုံးသားကို ထိုးမိသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

မှော်ဆရာကြီးအောက်ကို ကျသွားတဲ့အခါ ဖွတ်ကြီးတစ်ကောင် အဖြစ် ပြောင်းလဲသွားတယ်၊ ဖွတ်ကြီးကတောထဲကို ပြေးဝင်သွားတဲ့ အခါ .

မုဆိုးတစ်ယောက်က တွေ့သွားပြီး မြားနဲ့ပစ်လိုက်တာ သေဆုံး ပါလေရော။

မင်းသားလေးလည်း သူ့ရဲ့မြင်းပျံကြီးပေါ်ကို ပြောင်းစီးလိုက် တယ်။ နောက်တော့ငါးတည့်ထားတဲ့ ပုလင်းကျသွားတဲ့ သမုဒ္ဒရာထဲကို ဆင်းပြီး လိုက်သွားခဲ့တာပေါ့။

ငါးကြီးတစ်ကောင်ဟာ ဗိုက်ကြီးဖေါင်းကားနေတာကို တွေ့ လိုက်ရတယ်။

"ပုလင်းကို မျိုထားတဲ့ငါးဖြစ်မှာပဲ"

ဆိုပြီး ငါးကြီးကို ဓါးနဲ့ခုတ်သတ်ပစ်လိုက်တယ်။

ငါးကြီးရဲ့ ဗိုက်ထဲက ပုလင်းကို ထုတ်ယူလိုက်တဲ့အခါမှာ ရွှေငါးလေးဟာ နတ်သမီးလေးပြန်ဖြစ် သွားခဲ့တာပေါ့။

မင်းသားလေးနဲ့ နတ်သမီးလေးတို့ဟာ မြင်းပျံကြီးကိုစီးပြီး ကောင်းကင်ပေါ်ကို ပျံတက်လာခဲ့တာပေါ့။

မှော်ဆရာကြီးရဲ့ ရန်ကအေးသွားတဲ့အခါပျော်ပျော်ရွှင်ရွှင်နဲ့ မြင်းပျံကြီးကိုစီးပြီး တိမ်တိုက်တွေကြားမှာ ပြေးလွှားဆော့ကစား နေကြသတဲ့ကွယ်။

❑

ပြီတ်စာပေ

# ကြွက်တွင်းယဲကအပျားအို

ဟိုးရှေးရှေးတုန်းက အင်မတန်မှ စိတ်ထားဖြူစင်တဲ့ မယ်ကံ ကောင်းဆိုတဲ့ မိန်းမလေးတစ်ယောက်ရှိသတဲ့။

မယ်ကံကောင်းလေးဟာ နာမည်နဲ့လိုက်အောင်ကံမကောင်း ရှာဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ပထွေးနဲ့နေရသူဖြစ်တယ်။

ပထွေးဟာ သူကိုအင်မတန်မှနှိပ်စက်ဝဒယ်။ အလုပ်တွေကို လည်း မတရားခိုင်းတယ်။ မပြီးရင်ရိုက်တယ်။

နေ့စဉ်လိုလို မျက်ရည်နဲ့မျက်ခွက်ဖြစ်ပြီး နေရတာပေါ့။

မိခင်ဖြစ်တဲ့သူကလည်း ယောကျ်ားကိုကြောက်လိုက်တာမှ လွန်ရောပဲ၊ ဘာမှမပြောရဲရှာဘူး။

တစ်နေ့မှာ....

"မယ်ကံကောင်း၊ ငါ ညနေပြန်လာရင် ငါးရံ့ဆန်ပြုတ်သောက် ချင်တယ်၊ ရော့.... ဟောသည်ငါးနဲ့ ဆန်ပြုတ်ပြုတ်ထားလိုက်"

သူရှာလာခဲ့တဲ့ ငါးရံ့ကြီးတစ်ကောင်ကိုပေးပြီး....

www.burmeseclassic.com

www.burmeseclassic.com



"သည်ငါး မပျောက်စေနဲ့၊ ပျောက်သွားရင်နင်သေပြီသာမှတ်"

ပထွေး အပြင်ကိုထွက်သွားတဲ့အခါ ဆန်ပြုတ်ပြုတ်မယ် လုပ်နေတုန်း ငါးရံ့ကြီးကို ကြွက်တစ်ကောင်က လာဆွဲပါလေရော။

"ဟဲ့....ဟဲ့ ငါ့ငါးပြန်ပေး ယူမသွားနဲ့"

အဲသည့်ကြွက်ဟာ ငါးကိုဆွဲပြီး အိမ်ပေါ်ကနေ ဆင်းပြေးသွားတယ်။

ခြံနောက်ဘက်က သစ်ပင်ကြီးရဲ့ အမြစ်တွေအောက်မှာ ကြွက်တွင်းကြီးတစ်ခုရှိတယ်။

ကြွက်ဟာ အဲသည့်ကြွက်တွင်းထဲကို ဝင်ပြေးသွားတယ်။

မယ်ကံကောင်းလေးဟာ သည်ငါးမရှိရင် သူ့အရိုက်ခံရမှာ စိုးတာနဲ့ ကြွက်ရဲ့နောက်ကို ပြေးပြီးတော့ လိုက်လာတယ်။

ကြွက်တွင်းဆီကို ရောက်သွားတော့ ဘာမှမတတ်နိုင်တော့ ဘူးပေါ့။

"ကြွက်ကလေးရယ် ငါ့ရဲ့ငါးကို ပြန်ပေးပါဟယ်၊ သည်ငါးနဲ့ ဆန်ပြုတ်ပြုတ်မပေးနိုင်ရင် ပထွေးက ငါ့ကိုရိုက်မှာစိုးလို့ပါ"

တွင်းရှေ့မှာ ဒူးထောက်ပြီးတော့ ငိုရှာတယ်။

အဲသည့်အချိန်မှာ.....

တွင်းထဲက လက်တစ်ဖက်ထွက်လာပြီး မယ်ကံကောင်းရဲ့လက်ကို ဖမ်းဆွဲလိုက်တယ်။

"အမလေး"





မယ်ကံကောင်းလေးလည်း တွင်းထဲကို ရောက်သွားခဲ့တာပေါ့။

ထူးဆန်းတာက.....

သူ့ရဲ့ ကိုယ်လုံးလေးဟာ အပေါက်ဝကျဉ်းတဲ့တွင်းလေးနဲ့ ဘယ်လိုဆံ့ပြီး အထဲကို ရောက်သွားသလဲဆိုတာ စဉ်းစားလို့ မရနိုင်အောင် ဖြစ်သွားခဲ့ရတယ်။

တွင်းထဲကိုရောက်တော့ အကျယ်ကြီးဖြစ်နေတယ်။

အခန်းကြီးကလည်း တင့်တယ်ခမ်းနားပြီး လှလိုက်တာ မပြောပါနဲ့တော့၊ နံရံတွေကတောင် အလင်းရောင်တွေ ပြိုးပြိုးပြက်ပြက်နဲ့ ထွက်နေကြတယ်။

အဘွားအို တစ်ဦးဟာ.....

တစ်စုံတစ်ရာကို ချက်ပြုတ်နေတာကို တွေ့ရတယ်။

အိုးထဲက ထွက်လာတဲ့ အနံ့ဟာ အင်မတန်မှ မွှေးကြိုင်လှတယ်။

"သြော် သမီး ယာ–လာ သမီးကို သည်အထဲရောက်အောင်လို့ ခေါ်လိုက်တာ အမေပဲကွယ့်"

အဘွားအိုရဲ့မျက်နှာဟာ ပြုံးချိုလို့နေတယ်။

"အဘွား ဘာတွေချက်နေတာလဲ"

"ငါးရံ့ဆန်ပြုတ်လေ၊ သမီးအတွက်ချက်နေတာ၊ သမီး စားသောက်ရအောင်လို့ပေါ့"

"သမီးရဲ့ ငါးလေးကိုသာ ပြန်ပေးပါအဘွားရယ်၊ ပထွေးပြန်မလာမီ ဆန်ပြုတ်ပြုတ်ရမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"အဲသည့်အတွက် ဘာမှမပူပါနဲ့ သမီးရယ်၊ အဆင်ပြေအောင် အမေကြည့်ပြီး စီစဉ်ပေးပါ့မယ်"

အဘွားအိုချက်တဲ့ ဆန်ပြုတ်ဟာ အင်မတန်မှ မွှေးကြိုင်လှတယ်၊ မယ်ကံကောင်းတောင် သောက်ချင်စိတ် ဖြစ်ပေါ်လာမိခဲ့တယ်။

"သောက်ကြည့်ပါဦး သမီးလေးရယ်၊ အဘွားလက်ရာကောင်းသလားလို့"

မယ်ကံကောင်း သောက်ကြည့်တဲ့အခါ

သိပ်ပြီးတော့ အရသာရှိနေတာကို သိရတယ်။

"ကောင်းလိုက်တာ အဖွားရယ်" လို့ မယ်ကံကောင်းက ပြန်ပြောသတဲ့။

အဘွားအိုဟာ မယ်ကံကောင်းကို သေတ္တာလေးတစ်လုံးထဲက လက်ဝတ်လက်စားတွေကို ထုတ်ယူပြီး ကိုယ်ပေါ်မှာ ဆင်ပေးလိုက်တယ်။

"ငါ့သမီးတို့ ဆင်းရဲနေလို့ အဘွားက ကူညီတာ၊ သည်ပစ္စည်းတွေနဲ့ လိမ်လိမ်မာမာစားသောက်ပေါ့ သမီးရယ်"

မယ်ကံကောင်းလည်း သိမ်ကိုဝမ်းသာသွားခဲ့တာပေါ့။

"ကဲ ကဲ ငါ့သမီး ပြန်ပေတော့၊ ဆန်ပြုတ်လည်းယူသွားကွယ်"

ဆန်ပြုတ်ချိုင့်ကိုပေးပြီး မယ်ကံကောင်းကို မျက်စိမှိတ်ခိုင်းတယ်။





အသည်းထဲမှာ အေးခနဲ ဖြစ်သွားပြီး မျက်လုံးတွေကို ပြန်ဖွင့်လိုက်တဲ့အခါမှာ သစ်ပင်အောက်ကို ပြန်ရောက်နေတာ တွေ့လိုက်ရတယ်။

မယ်ကံကောင်းလေးလည်း ဆန်ပြုတ်ချိုင့်လေးကိုဆွဲပြီး မိခင်ဆီကို ဝမ်းသာအားရနဲ့ ပြန်လာခဲ့တာပေါ့။

သမီးလေးရဲ့ ကိုယ်ပေါ်မှာ လက်ဝတ်လက်စားတွေကို တွေ့လိုက်ရတော့ အံ့အားလည်းသင့်သွားတယ်၊ ထိတ်လည်း ထိတ်လန့်သွားမိတယ်။

"ဒါတွေကို ဘယ်ကရလာခဲ့တာလည်း သမီး"

"အမေဘာမှ မစိုးရိမ်ပါနဲ့၊ သမီးပြောပြပါ့မယ်" ဆိုပြီး အဖြစ်အပျက်ကို ရှင်းပြသတဲ့။

"သမီးကို နတ်ကောင်းနတ်မြတ်တွေက လူယောင်ဖန်ဆင်းပြီး မစလိုက်တာပဲ၊ ဟိုလူပြန်မလာခင် ဝှက်ထားမှဖြစ်မယ်သမီး"

ပထွေးသိမှာစိုးလို့ လက်ဝတ်လက်စားတွေကို ချွတ်ပြီး ဝှက်ထားရတာပေါ့။

ညနေကျတော့ ပထွေးပြန်ရောက်လာတယ်။

"ဆန်ပြုတ်ပြုတ်ပြီးပြီလားဟေ့"

"ပြီးပါပြီ၊ ဟောသည်မှာ"

ဇနီးဖြစ်သူဟာ ဆန်ပြုတ်ပန်းကန်ကို ပေးလိုက်တယ်။

သောက်ကြည့်တော့ အရသာသိပ်ရှိနေတာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဆန်ပြုတ်က သိပ်ကောင်းပါလား"

နောက်တစ်နေ့မှာလည်း ငါးတစ်ကောင်ပေးပြီး ဆန်ပြုတ်ကို ထပ်ပြုတ်ခိုင်းတယ်။

မယ်ကံကောင်းက ငါးရဲ့ဆန်ပြုတ်ကို သူ့ဖာသာသူပြုတ်တယ်။

ညနေကျတော့ ပထွေးပြန်ရောက်လာခဲ့တယ်။

ဆန်ပြုတ်ကို သောက်ကြည့်တော့

"မနေ့ကလို သောက်လို့မကောင်းပါလား။ ဘာဖြစ်လို့ အရသာရှိအောင် မပြုတ်တာလဲ၊ ပြန်ပြုတ်စမ်း"

မယ်ကံကောင်းကို ပထွေးက ရိုက်နှက်တယ်။

"အမလေးကြောက်ပါပြီ၊ ဒါ့ထက်ကောင်းတဲ့ လက်ရာကို အဘွားအိုတစ်ဦးက ပြုတ်ပေးလိုက်တာပါ၊ သမီးလည်း သူ့လိုကောင်းကောင်းမပြုတ်တတ်ပါဘူး"

"ဘယ်အဘွားအိုလည်း ငါ့ကိုပြောစမ်း"

မယ်ကံကောင်းလည်း သစ်ပင်အောက်က ကြွက်တွင်းထဲမှာနေတဲ့ အဘွားအိုအကြောင်းကို ပြောပြလိုက်တယ်။

လက်ဝတ်လက်စားတွေအကြောင်းကိုတော့ ချန်ထားလိုက်သတဲ့။

နောက်တစ်နေ့မှာ ပထွေးလုပ်တဲ့သူဟာ ငါးရံ့တစ်ကောင်ကို ဝယ်လာပြီး သူကိုယ်တိုင်ဆန်ပြုတ်ပြုတ်မလို့ စီစဉ်တယ်။

ငါးကို ကြမ်းပြင်ပေါ်မှာ တမင်ပဲ ပြီးစလွယ် ချထားလိုက်တယ်။

ဖြတ်စာသေ



အဲသည့်အချိန်မှာ

ကြွက်တစ်ကောင်ဟာ အိမ်ပေါ်ကိုတက်လာပြီး ငါးကိုဆွဲသွားပါလေရော။

"ငါထင်တဲ့အတိုင်းဖြစ်လာပြီ"

အစားမက်တဲ့ပထွေးဟာ ကြွက်ရဲ့နောက်ကို လိုက်သွားတယ်။

ကြွက်ကလည်း အိမ်နောက်ဖေးဘက်ကိုထွက်ပြေးပြီး ဝါးပင်အောက်က တွင်းလေးထဲကို ဝင်သွားခဲ့တာပေါ့။

"မယ်ကံကောင်းပြောတဲ့အတိုင်း ဖြစ်လာပြီ"

ပထွေးလည်းကြွက်တွင်းရဲ့ရှေ့မှာ မတ်မတ်ရပ်နေလိုက်တယ်။

တစ်ယောက်ယောက်က သူ့လက်ကိုဆွဲခေါ်မှာကို စောင့်နေတယ်။

မကြာပါဘူး၊ ကြွက်တွင်းထဲက လက်မည်းကြီးတစ်ဖက်ရုတ်တရက်ထွက်လာပြီး လက်ကို ဆုတ်ကိုင်လိုက်တယ်။

သူ့ကို ကြွက်တွင်းထဲ တစ်ခါထဲ ဆွဲသွင်းသွားခဲ့တာပေါ့။

ဒါပေမယ့် ကြွက်တွင်းက အထဲမှာ အနက်ကြီးပဲဖြစ်တယ်။ တွင်းနက်ကြီးထဲကို တစ်ရှိန်တည်း ထိုးကျသွားခဲ့တာပေါ့။

"အား"

တွင်းကြီးထဲမှာ လှပတဲ့အခန်းကျယ်ကြီးလည်း မရှိဘူး။ ဆန်ပြုတ်ပြုတ်နေတဲ့ အဘွားအိုလည်း မရှိဘူး။

ဖြတ်စာသေ

www.burmeseclassic.com

www.burmeseclassic.com



မှောင်မှောင်မည်းမည်းကြီးဖြစ်နေပြီး တွင်းရဲ့အဆုံးမှာ သူ့ကို ဆီးကြိုနေတဲ့ အရာကတော့ အင်မတန်ချွန်ထက်တဲ့ ဆူးချွန်ကြီးတွေပဲဖြစ်တယ်။

"အား"

အဲသည့်နေကစပြီး မယ်ကံကောင်းရဲ့ ပထွေးဟာ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့တယ်။

မယ်ကံကောင်းတို့မိသားစုဟာ သစ်ပင်အောက်က ကြွက်တွင်းကို သွားကြည့်ကြတဲ့အခါ ကြွက်တွင်းကိုလည်း မတွေ့ကြရတော့ဘူးတဲ့။

သူတို့သားအမိလည်း တစ်သက်လုံး ချမ်းချမ်းသာသာနဲ့နေထိုင်သွားကြသတဲ့ကွယ်။

❑

# သူရဲကောင်းဗိညာဉ်

ဟိုးရှေးရှေးတုန်းက ကိုယ့်တိုင်းပြည်ကို အင်မတန်ချစ်တဲ့ စစ်သူရဲကောင်း ဗလဆိုတာရှိတယ်။

ဗလဟာ ဘုရင့်တပ်မဟာကြီးမှာ တပ်မှူးလေးအဆင့်အထိ တာဝန်ထမ်းဆောင်နေတဲ့သူပဲဖြစ်တယ်။

မိမိတိုင်းပြည်ကိုလည်း လွန်စွာမှ ချစ်တဲ့သူတစ်ယောက်ပေါ့။

သူဦးဆောင်ပြီး တိုက်ခိုက်တဲ့တိုက်ပွဲမှန်သမျှ မနိုင်ဘူးဆိုတာ မရှိဘူး။

ရန်သူတွေဟာ အကျအဆုံးများစွာနဲ့ ဆုတ်ခွာပြီး ပြေးကြရတယ်၊ နလန်မထူနိုင်အောင် အလူးအလဲခံကြရတယ်။

ဗလလိုစစ်ဘုရင်ကြီးတစ်ယောက်ကို ရန်သူတိုင်းပြည်တွေဟာ ထိန့်လန့်ကြောက်ရွံ့ကြရတယ်။

သူ့ကိုလည်း အသေရရ၊ အရှင်ရရ လိုချင်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



စစ်သူရဲကောင်းဗလဟာ ကိုယ့်ရဲ့တပ်ကိုလည်း အင်မတန်မှ အစွဲအလမ်းကြီးတယ်။

စစ်မြေပြင်ကိုထွက်ပြီဆိုရင် အအိပ်အစားမမှန်လောက်အောင် ရန်သူ့နယ်မြေထဲမှာ စီမံကွက်ကဲနေလေ့ရှိတယ်။

"တပ်မှူးလေး၊ နည်းနည်းပါးပါး အနားလေး ဘာလေးယူပါဦး၊ အအိပ်ပျက်အစားပျက်နဲ့ ကျန်းမာရေးထိခိုက်ပြီး မမာမကျန်းဖြစ်နေပါဦးမယ်"

"ကျုပ်ကတော့ သေတာထောင်မှားဖို့စိတ်မကူးဘူး၊ ရောင်းရင်းတို့ရေ"

တစ်နေ့မှာ....

တခြားတိုင်းပြည်က ရန်သူတပ်ကြီးတစ်တပ်ဟာ သူတို့တိုင်းပြည်ကို တိုက်ခိုက်ဖို့ စစ်ချီလာပြီဆိုတဲ့ သတင်းကိုရလိုက်တယ်။

ဘုရင့်အမိန့်တော်နဲ့ စစ်သူရဲကောင်းကြီးဗလဟာ နှိမ်နင်းဖို့ စစ်သည်ဗိုလ်ပါအလုံးအရင်းနဲ့ စစ်စခန်းရှိရာကို ထွက်ခွာသွားတယ်။

ရန်သူတွေဘက်က စစ်သူကြီးထိနဟာ တပ်မှူးလေးဗလနဲ့ ရန်ဘက်ဖြစ်တယ်၊ ပြီးတော့ ထိနဟာ ကျူးကျော်စစ်ပွဲကို ဆင်နွှဲနေသူလည်းဖြစ်တယ်၊

တိုက်ပွဲစတယ်ဆိုရင်ပဲ နှစ်ဖက်စလုံးက စစ်သည်တွေဟာ ပြင်းထန်စွာတိုက်ခိုက်ကြတယ်။





စစ်သူရဲကောင်းဗလဟာလည်း တပ်ဦးကနေ ဦးဆောင်ပြီး ရှုပ်ရှုပ်ချွန်ချွန်နဲ့ တိုက်ခိုက်တယ်။

သူဟာ ရန်သူစစ်သူကြီးထိနကို သဲကြီးမဲကြီးရှာဖွေနေတယ်။

မကြာခင်မှာ သူတို့နှစ်ယောက်ဟာ ဆုံတွေ့သွားခဲ့ကြတယ်။

"ဟော၊ ထိန သည်ပွဲမှာ မင်းသေသေ၊ ငါသေသေ၊ နှစ်ယောက်ရင်ဆိုင်တိုက်ခိုက်ကြမယ်ဟေ့"

"စိန်လိုက်လေ ဗလ၊ ငါကလည်း မင်းနဲ့ ရင်ဆိုင်ဖို့ဝန်မလေးဘူး ဟေ့"

တပ်မှူးနှစ်ယောက်ဟာ မြင်းပေါ်ကနေပြီး အသေအလဲနဲ့ တိုက်ခိုက်ကြတယ်။

အဲသလို အချိန်မျိုးမှာ နှစ်ဖက်စလုံး ဘယ်သူကမှဝင်ပြီး မကူရဘူးလို့ ကတိကဝတ်ပြုထားကြရတယ်။

တပ်မှူးလေးဗလရဲ့ တိုက်ရည်ခိုက်ရည်က သိပ်ပြီးတော့ကောင်းနေတယ်၊ ထိနဟာ မကြာခင်မှာ သူ့အရေးနိမ့်တော့မယ်ဆိုတာသိနေတယ်။

သူ့လူတွေ ကို မသိမသာ အချက်ပြလိုက်တဲ့အခါ တပ်မှူးလေးဗလကို နောက်ကျောကနေ မြားတွေနဲ့ ဝိုင်းပြီးပစ်ကြတယ်။

မထင်မှတ်ဘဲအလစ်မှာ ခံလိုက်ရတာပေါ့။

"ထိန နင်ယုတ်မာတယ်"



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးလေးဟာ ထိနကို ဒေါသအတော်ထွက်သွားတယ်၊ မိမိရဲ့တပ်ဆီကို မြင်းနဲ့ အရောက်ပြန်ပြေးတယ်။

"ဟာ... ငါ့တို့ရဲ့တပ်မှူးလေးကိုထိလာပြီဟေ့"

ဗလကိုမြင်းပေါ်က ဝိုင်းဝန်းပွေ့ချီပြီးတော့ ချပေးလိုက်ကြတယ်၊ သူ့ရဲ့ဒဏ်ရာက တော်တော်လေးကိုပြင်းထန်တယ်၊ ပါလာတဲ့ သမားတော်ကြီးတွေနဲ့ ဝိုင်းဝန်းပြီးပြုစုကြတဲ့အခါ

"ငါ့ကို ငါသိတယ်၊ ကုဖို့မစဉ်းစားကြနဲ့၊ ငါ့ရဲ့ အစီအမံအတိုင်း ရန်သူတွေကို ဆက်ပြီးတော့တိုက်ကြ၊ ငါသေသွားခဲ့ရင်လည်း ရန်သူတွေကို အသိမပေးကြနဲ့၊ ငါမင်းတို့နဲ့အတူ ဆက်လက်ပြီးတော့ရှိနေမယ်"

တပ်မှူးလေးဗလဟာ အဲသလိုမှာကြားပြီး အသက်ထွက်သွားခဲ့တယ်၊ သူ့ရဲ့ဝိညာဉ်ဟာ....

သူသေသွားတာနဲ့ တစ်ပြိုင်နက် အင်မတန်ကြီးမားတဲ့ သံငှက်ကြီးတစ်ကောင် ဖြစ်ပေါ်လာခဲ့တယ်။

သံငှက်ကြီးရဲ့အတောင်တွေဟာ ဆူးချွန်တွေတပ်ထားသလို ချွန်မြနေတယ်။

သံငှက်ကြီးဟာ ရန်သူ့တပ်ရှိရာကို တဟုန်ထိုးပြန်သန်းထွက်ခွာသွားတယ်။

တပ်မှူးလေးဗလရဲ့ စစ်သည်တွေကလည်း သိပ်ပြီးတော့ အံ့အားသင့်နေခဲ့ကြတာပေါ့။





သံငှက်ကြီးဟာ ရန်သူတွေဆီရောက်တဲ့အခါ ကောင်းကင်ပေါ်ကနေ တရှိန်ထိုးဆင်းလာပြီး မျက်လုံးတွေကို နှုတ်သီးနဲ့ ထိုးဆိတ်ပြီး တိုက်ခိုက်တယ်။

"အား ကန်းပါပြီဗျ"

သူ့ရဲ့ကိုယ်ကိုလှုပ်ခါလိုက်ရင် ချွန်ထက်တဲ့အတောင်တွေဟာ မြားပမာလွှင့်စင်ပြီး ရန်သူ့ကိုယ်ထဲကို စိုက်ဝင်ကုန်ကြတယ်။

စစ်သူကြီးထိနဟာ ထူးဆန်းတဲ့ အဖြစ်အပျက်ကြောင့် ချောက်ခြား သွားမိခဲ့ရတယ်။

သူ့လူတွေလည်း တော်တော်လေးကို အထိနာနေကြပြီ။

သူဟာ သံငှက်ကြီးကို နှိမ်နင်းမယ်ဆိုပြီး လေးမြားကို ထုတ်လိုက်တယ်။

ချိန်ပြီးပစ်မယ်အလုပ်မှာ သံငှက်ကြီးဟာ ကောင်းကင်ပေါ် ကနေ တဟုန်ထိုးဆင်းလာခဲ့တယ်။

သူ့ရဲ့ချွန်ထက်တဲ့နှုတ်သီးနဲ့ ထိနရဲ့မျက်လုံးကို ထိုးဖောက်ပစ် လိုက်တယ်။

"အား"

နောက်တော့ သူ့ရဲ့အတောင်တွေကို ဖြန့်ပြီး တအားခါပစ် လိုက်တဲ့အခါ အတောင်တွေလွှင့်ထွက်သွားပြီး ထိနရဲ့ ကိုယ်ထဲနဲ့ သွားပြီးစိုက်နေတော့သတဲ့။

"အား"



www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်ကနေ ထိုးကျသွားတော့တယ်။

သံငှက်ကြီးရဲ့ နောက်ဆုံးငှက်တောင်မွှေးတစချောင်းဟာ ထိနရဲ့လည်ပင်းထဲကို စိုက်ဝင်သွားပါတော့တယ်။

နောက်ဆုံး စစ်သူကြီးထိနလည်း သေဆုံးသွားခဲ့ရတာပေါ့။

ရန်သူတပ်ဟာ ပျက်ပြီးကစဉ့်ကလျားနဲ့ ထွက်ပြေးကုန်ကြတယ်။

တပ်မှူးလေးဗလတို့ဘက်က စစ်သည်တွေဟာ တရကြမ်းလိုက်ပြီး တိုက်ခိုက်ကြတယ်။

ရန်သူတပ်လည်း ပြန်ပြီးမခုခံနိုင်ကြတော့ဘဲ အရှုံးကြီး ရှုံးကုန်ကြတာပေါ့။

စစ်သူရဲကောင်းဗလရဲ့ ဝိဉာဉ်သံငှက်ကြီးဟာ စစ်တလင်းကို ကောင်းကင်ပေါ်ကနေ သုံးပတ်တိတိဝဲပြီး ကြည့်လိုက်တယ်။

နောက်တော့ အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီကို တရွေ့ရွေ့နဲ့ ပျံသန်းပြီး ထွက်ခွာသွားပါတော့တယ်။

စစ်သည်တွေဟာ သံငှက်ကြီး ပျံသန်းသွားရာဆီကိုကြည့်ပြီး ကြေကွဲတာသစွာနဲ့ ကျန်ရစ်ခဲ့ကြတယ်။

သံငှက်ကြီးကြောင့် သူတို့အနိုင်ရရှိခဲ့ကြတာပဲ မဟုတ်လား။

"ငါမင်းတို့နဲ့ ဆက်လက်ပြီးတော့ ရှိနေမယ်" ဆိုတဲ့ တပ်မှူးလေးဗလရဲ့စကားကို ဘယ်တော့မှ မမေ့ကြဘဲ တသက်လုံးကြား ယောင်နေကြမှာပဲဖြစ်တယ်။

❑



# အခိုပ်နဲ့စကားပြောသူ

တစ်ခါတုန်းက အင်မတန်မှရိုးသားတဲ့ လူတစ်ယောက်ရှိတယ်။ သူ့နာမည်ကို ကိုရိုးလို့ ခေါ်ကြတယ်။

ကိုရိုးဟာ နာမည်နဲ့လိုက်အောင် ရိုးသားတယ်။

ဒါပေမယ့် သူကဆင်းရဲတယ်၊ လယ်မရှိ၊ ယာမရှိနဲ့ ကျွဘမ်း အလုပ်ကို လုပ်ရတယ်၊ တစ်နေ့စာတစ်နေ့ အလျှင်မီအောင် မနည်းရှာရတယ်။

ကိုရိုးမှာ လင်နဲ့မယားနှစ်ယောက်တည်းရှိတာတောင် ဝမ်းမဝကြဘူး၊ ဘယ်လောက်ပဲရှာရှာ အသပြာငွေက တိုးလာတယ်လို့ကို မရှိဘူး။

"ငါဘယ်လောက်ပဲရှာရှာ မပြေလည်ပါလား၊ မနက်စာရှိရင် ညနေစာမရှိ၊ ညနေစာရှိရင် မနက်စာမရှိနဲ့၊ တစ်နေ့တခြား ဗိုပြီးကျပ်တည်းလာပါလား။

ကိုရိုးဟာ ရှေ့ရေးကိုတွေးပြီး ရင်လေးနေမိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



“အင်း၊ ငါရိုးရိုးသားသားနဲ့ လုပ်ကိုင်စားသောက်ရင်တော့ ကြီးပွားချမ်းသာမှာ မဟုတ်ဘူး၊ သူများတွေကတော့ စီးပွားကို ဖြတ်လမ်းကနေ ရှာဖွေစားသောက်နေကြတယ်။

ဝမ်းလည်းဝတယ်၊ ခါးလည်းလှကြတယ်၊ ငါလည်း သူတို့လိုပဲ စီးပွားကိုဖြတ်လမ်းကနေ ရှာရင်ကောင်းမယ်”

ဆိုပြီး မသာဓာတဲ့ နည်းလမ်းနဲ့ ရှာဖွေဖို့ စဉ်းစားဆုံးဖြတ်လိုက်သတဲ့။

ညတစ်ညမှာ ကိုရိုးဟာ ဓားတစ်လက်ကိုကိုင်ပြီး အိမ်ကနေ ထွက်လာခဲ့ပါတယ်။

“လမ်းတွေ့တဲ့သူကို ငါလုရက်မယ်”

ရိုးသားတဲ့စိတ်တွေဟာ သူ့ကိုယ်ကိုယ်ထဲက တဖြည်းဖြည်း ထွက်ခွာသွားနေတယ်။

သူအမှောင်ထဲကို မရောက်မီ နောက်ကနေလှမ်းပြီး ခေါ်လိုက်တဲ့ အသံကို ကြားလိုက်ရတယ်။

“ဟေ့ကောင် မောင်ရိုး”

လှည့်ကြည့်လိုက်တဲ့အခါ ...

တစ်ကိုယ်လုံးမည်းနက်နေတဲ့ လူတစ်ယောက်ကိုတွေ့လိုက်ရတယ်၊ သူ့မှာမျက်လုံး၊ နှာခေါင်း၊ နား၊ ပါးစပ် အစရှိသည်တို့ကို မတွေ့နိုင်လောက်အောင်ဘဲ နက်မှောင်နေတယ်။





“မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့နာမည်ကိုခေါ်ရတာလည်းကွ”

“ငါဟာ တခြားသူမဟုတ်ဘူး၊ မင်းရဲ့ အရိပ်ပဲလေကွာ၊ မင်းသွားရာနောက်ကို အမြဲတန်းလိုက်ပါနေရတဲ့ အရိပ်ပေါ့ကွ”

အဲ့သည်တော့မှ အဲ့သည်သတ္တဝါဟာ သူ့ရဲ့အရိပ်ဆိုတာ သိလိုက်ရတော့တယ်။

“ဆိုစမ်းပါဦး၊ မင်းက ဘာကိစ္စကြောင့် ငါ့ကို လိုက်ခေါ်ရတာလည်းကွ၊ ငါ့မှာ အလုပ်ရှိတယ်၊ မင်းနဲ့ စကားမပြောနိုင်ဘူး”

ကိုရိုးက ထွက်သွားမယ်ပြုတဲ့အခါအရိပ်က သူ့လက်ကို ဖမ်းဆွဲထားလိုက်ပြီး....

“ဟေ့ကောင်နေဦး၊ မင်းကို ဘယ်သွားမလဲဆိုတာ ငါသိတယ်၊ မကောင်းမှုဒုစရိုက်တစ်ခုကို ကျူးလွန်မလို့မဟုတ်လား”

ကိုရိုးလည်းသိပ်ပြီးတော့ အံ့အားသင့်သွားခဲ့ရတယ်။

“မင်း ဘယ်လိုလုပ်ပြီး သိသလဲ”

“သိတာပေါ့ကွာ၊ ငါမင်းနဲ့ အတူတူနေတဲ့အရိပ်ပဲ၊ မင်းရဲ့ အကြောင်းကို ငါကောင်းကောင်းသိတာပေါ့၊ မင်းဟာ နာမည်နဲ့ လိုက်အောင် ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ အဲ့ဒါ လူတစ်ယောက် မှာ အင်မတန်ရှိအပ်တဲ့ ဂုဏ်တစ်ခုပဲကွ”

“ဒါပေမယ့် မင်းဟာ ကိုယ်မပြည့်စုံတာနဲ့ မကောင်းမှုဒုစရိုက် အလုပ်ကိုလုပ်ပြီး ဖြတ်လမ်းက စီးပွားရှာမယ်ဆိုတာတော့ မကောင်းဘူး ထင်တယ်”

www.burmeseclassic.com



"ဘာဖြစ်သလည်းကွာ၊ တစ်ချို့လည်း သည်လိုပဲ ရှာနေကြတာပဲ။ ငါလည်း တစ်ခါနှစ်ခါလောက်လုပ်ပြီးရင် နောက်ကို မလုပ်တော့ပါဘူး"

"ဟား.... ဟား.... ဟား.... ဟား.... အဲဒါမင်းရဲ့အမှားပဲ၊ ဘယ်သူမဆိုမကောင်းမှုမှာ တစ်ကြိမ်သာယာပြီးရင် နောက်ထပ်အကြိမ်ပေါင်းများစွာ ဆက်ခါဆက်ခါမှားဖို့ ဝန်မလေးတော့ဘူးကွ"

"အဲဒါ မကောင်းဘူးလား"

ကိုရိုးက မေးလိုက်တယ်။

"မကောင်းဘူး၊ လုံးဝကို မကောင်းဘူး ဘာတွေဖြစ်လာမလည်းသိလား၊ အရင်ဆုံး မင်းနာမည်ပျက်မယ်၊ မင်းဟာလူဆိုး ဒုစရိုက်သမားမသမာတဲ့ကောင်းဆိုပြီး ပေ့အသိုင်းအဝိုင်းက ဝိုင်းပြီးရှောင်ကြဉ်ကြလိမ့်မယ်၊ နာမည်ပျက်နေတဲ့ လူတစ်ယောက်ကို ဘယ်သူမှအကောင်းမထင်ကြဘူးဆိုတာ မင်းရဲ့ အသည်းထဲမှာစွဲနေအောင်မှတ်ထား"

ကိုရိုး တွေဝေထားခဲ့တယ်။

"မင်းရဲ့ ရိုးဝုဏ်လေးဟာ တကယ့်ကို ချစ်စရာပါကွာ၊ ဘယ်ကိုပဲသွားသွား မျက်နှာပွင့်လန်းတယ်၊ လွတ်လပ်တယ်၊ စိတ်အေးပေါ်တယ်၊ ခင်မင်သူတွေပေါ်တယ်"

ဒုစရိုက်သမားဖြစ်လာခဲ့ရင်တော့ ရုက်စရာဖြစ်လာမယ်၊ ကိုယ့်ကိုကိုယ်လည်း မလုံဘူး၊ နေရတာ မလွတ်လပ်ဘူး၊ ဘယ်ကိုပဲသွား





သွား အထိတ်တလန့်နဲ့၊ မင်းရဲ့ဒုစရိုက်အလုပ်နဲ့ မတရား ရလာခဲ့တဲ့အသပြာငွေတွေကလည်း မစင်ကြယ်ဘူးလေ၊ မင်းဘယ်လောက်ကြာကြာ စားရမှာလဲ။

ပြီးတော့--

ဒုစရိုက်သမားကို တရားဥပဒေက မျက်နှာသာမပေးဘူးကွ၊ မင်းကို အပြစ်ဒဏ်ခတ်မှာပဲ၊ နှုရသိန်အကျဉ်းထောင်ဆိုတာ မင်းလိုရိုးသားသူတွေအတွက် မဟုတ်ဘူးကွ။

ထောင်ဆိုစကားကြောင့်--

ကိုရိုးလည်းတုန်လှုပ်သွားမိခဲ့တယ်။

"ထောင် ထောင်ဆိုပါလား၊ ငါ အဲဒါကိုထည့်ပြီး မတွေးမိခဲ့ဘူး၊ ငါမကောင်းမှုဒုစရိုက်တစ်ခုခုကို ကျူးလွန်မိခဲ့ရင် ထောင်ကျမှာပဲ၊ လူတွေကလည်း ငါ့ကိုဒုစရိုက်သမားဆိုပြီး ဝိုင်းပြီးရှုံ့ချကြလိမ့်မယ်။

ငါ ထောင်ထဲကို မဝင်ချင်ဘူး၊ အရှောက်မခံနိုင်ဘူး၊ ငါ လူကောင်းပဲ ဖြစ်ချင်တယ်။

အရိပ်ဟာ ချီတုံချတုံဖြစ်နေတဲ့ ကိုရိုးကို ပြေသိမ့်စကားပြောတယ်။

"ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာ ကံတရားပါ မောင်ရိုးရား မင်းအလုပ်ကိုသာ ကြိုးစားပြီးလုပ်၊ မလျော့တဲ့စွဲနဲ့သာလုပ်၊ တစ်နေ့ကျရင် ကြီးပွားတိုးတက်လာရတာပေါ့ကွာ။

ဆင်းရဲတာလည်း မမြဲဘူး၊ ချမ်းသာတာလည်း မမြဲဘူး။ အကောင်းဆုံးက ကိုယ်ကျင့်တရားကို ထိန်းသိမ်းဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်မှာ နာမည်ကောင်းတွေပျောက်ပြီကွယ်၊ မင်းမကောင်းရင်၊ ငါလည်း နာမည်ပျက်မှာပဲ။

အကောင်းဆုံးကတော့ မင်းအိမ်ကိုပဲ လှမ်းပြန်ပါတော့မောင်ရိုးရာ။

အေးပါကွာ၊ ငါအသိတရားရပါပြီ၊ မင်းအခုလို ငါ့ကို အချိန်မီသတိပေးတဲ့အတွက် ကျေးဇူးပါပဲ အရိပ်ရာ၊ ငါအခုပဲ အိမ်ကိုပြန်ပါတော့မယ်ကွာ

"အေးကွာ ငါဝမ်းသာတယ် မောင်ရိုးရာ"

မောင်ရိုးလည်း အမှောင်လမ်းမရောက်မီ လှည့်ပြန်လာခဲ့တယ်။

မောင်ရိုးအိပ်ပျော်နေရာက ဆတ်ခနဲဆို နိုးသွားတယ်။

"ဟင် ငါအိပ်မက်မက်နေတာပါလား၊ ကြည့်စမ်း အိပ်မက်ထဲမှာ ငါဟာ ကိုယ်ကျင့်တရားပျက်ချင်ခဲ့တယ်၊ တော်ပါသေးရဲ့၊ အိပ်မက်ထဲမှာ ဘာဒုစရိုက်မှုမှ မကျူးလွန်မိခဲ့လို့။

"ဩော် အရိပ် အရိပ်၊ ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ်၊ ကိုယ့်ရဲ့အရိပ်က အားလုံးသိနေတာပါလား။

မောင်ရိုးဟာ အလုပ်ကို သည်ကနေ့ကစပြီး ပိုပြီးလုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

ကြိုးစားရင်း ဘာမဆိုဖြစ်တယ်ဆိုတာကို သူလက်ခံယုံကြည်သွားပြီလေ။

❑

**ပြီးပါပြီ**